# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၈၆)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၇)


# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေးဆွေးနွေး



**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် စီမံကိန်းများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေးကိစ္စများ၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မောတောင်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်

**နေပြည်တော် မေ ၁၉**

တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း တည်ရှိသည့် မောတောင်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ အရှေ့ဘက်အကျဆုံး မြို့ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် နယ်စပ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများနှင့် ဒေသထွက်ကုန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာ၌ မြိတ်–မောတောင်မှ ထိုင်းနိုင်ငံသို့ တင်ပို့ပါက အချိန် ၇ နာရီခန့်သာ ကြာသည့် အနီးဆုံးလမ်းကြောင်းဖြစ်ပြီး မောတောင်မြို့မှာ စီးပွားရေးအရ အရေးပါသည့် နယ်စပ်မြို့တစ်မြို့လည်း ဖြစ်သည်။


*စာမျက်နှာ ၈ ကော်လံ ၁* ❑




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုကို တွေ့ရစဉ်။

**အမြင့်ဆုံး နေ့အပူချိန်များ** (၁၉ – ၅ – ၂၀၂၆)

| | | |
|---|---|---|
| မကွေးမြို့ | ၄၁ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင်မြို့ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၃၉ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးမြို့ | ၃၉ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

**ယနေ့ မိုးလေဝသ ( ၂၀-၅-၂၀၂၆ )**

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

**ယနေ့ ဇတ်စရာ**


အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ် — ပြည်တွင်းသတင်း စာ ၅

ရှင်လန်းပွင့်ဖူးလာသော ကျောင်းပြင်ပရောက်ပန်းကလေးများ — ဆောင်းပါး စာ ၆

ကျောင်းဖွင့်ရာသီဝယ် ကျောင်းအပ်ကြမည်၊ ကျောင်းတက်ကြမည် — ဆောင်းပါး စာ ၁၂

စွမ်းအင်ဖူလုံရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် ဂျပန်နှင့် တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မည် — နိုင်ငံတကာသတင်း စာ ၁၄

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးလာရောက်ကူညီ ထောက်ပံ့ပေးခဲ့သည်များကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုလျက်ရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးလုပ်ငန်းများကို ထောက်ခံပါကြောင်း၊ တရုတ်- မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပိုမိုရင်းနှီးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှတစ်ဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်ပေါ်ထွက်လာခဲ့ပြီး မိမိအနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါကြောင်း၊ လွှတ်တော်သည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော နေရာတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အဓိကတာဝန်ကြီး (၄)ရပ်ရှိပြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများကို ရွေးချယ်ပေးရခြင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေးတို့အတွက် မဏ္ဍိုင်ကြီး (၃)ရပ်အကြားအချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒများကို ပြည်သူများ နားလည်ပူးပေါင်းဆောင်ရွက်နိုင်စေရန် ပြည်သူကိုကိုယ်စားပြု၍ ကြားခံဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ရပါကြောင်း။

အဆိုပါ လွှတ်တော်ကို အားဖြည့်ဆောင်ရွက်ပေးသည့် အမြဲတမ်းကော်မတီ(၄)ရပ်ရှိပါကြောင်းနှင့် လာမည့်လွှတ်တော်ကာလတွင်လည်း ယာယီကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါကလည်း ကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ရက် (၁၀၀) စီမံကိန်းချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း လိုအပ်သည့်နေရာမှ ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက်တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်းရေးဆွဲ၍ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုနှစ်တွင် စတင်မည့် (၁၅) ကြိမ်မြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း ၅ နှစ်စီမံကိန်း(၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ပြီး တရုတ် - မြန်မာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်များကို တရုတ်ပြည်သူ့အမျိုးသားကွန်ဂရက်မှ ဦးစွာဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့၍ ထောက်ခံခဲ့ပါကြောင်း၊ ဆက်လက်ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးသိုက်စိုး ကျိုင်းတုံမြို့နယ် ဒေသထွက် အုတ်ကြွပ်အမိုးပြားစက် စတင်လည်ပတ်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယမန်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ဝမ်ဟာကျေးရွာ၌ ဒေသထွက် အုတ်ကြွပ်အမိုးပြားထုတ်လုပ်မှုဆိုင်ရာ သမဝါယမအသင်းသား အုတ်ကြွပ်ထုတ်လုပ်သူများ၊ ကျေးရွာသူ ကျေးရွာသားများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ မိသားစုဝင်ငွေတိုးပွားရေး တည်ဆောက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး အုတ်ကြွပ်စက် စတင်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)ဖြင့် ငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးအေးကျော် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှုကောင်းမွန်စေရေးဆောင်ရွက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် မေ ၁၆ ရက်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် Advanced Metering Infrastructure (AMI) Control Center တွင် မီတာစောင့်ကြည့်စစ်ဆေးကြည့်ရှုမှု၊ Call Center ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ Regional Control Center (RCC) ၌ ဓာတ်အားထိန်းချုပ်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များသို့ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ၆၆ ကေဗွီ ဒေါင်းရွေး-စက်မှုဇုန်(၁) ဓာတ်အားလိုင်း တည်ဆောက်နေမှု၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ ပြည်ကြီးတံခွန် (စက်မှုဇုန်-၁) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များအတွင်းရှိ ဓာတ်အားသုံးစွဲသူပြည်သူများ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေးအတွက် ၁၁/၀.၄ ထရန်စဖော်မာများ အသစ်တိုးချဲ့ တည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ စနစ်တကျအောင်မြင်အောင်ဆောင်ရွက်

**ပြင်ဦးလွင် မေ ၁၉**

သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်နိုင်စေရေးအတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့်တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နောင်ဝယ်ကျေးရွာရှိ ကောင်းမြန်မာနို့စားနွားမွေးမြူရေး သမဝါယမအသင်းလီမိတက်သို့ သွားရောက်၍ ကွင်းဆင်းကြည့်ရှုကာ အသင်းမှတာဝန်ရှိသူများနှင့် ဆွေးနွေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ကောင်းမြန်မာနို့စားနွား မွေးမြူရေး သမဝါယမအသင်း လီမိတက်အနေဖြင့် နွားမွေးမြူရေးခြံ ၁၀ ကေနှင့် တိရစ္ဆာန်အစာစိုက်ပျိုးမှုကေ ၃၀ ရှိပြီး စုစုပေါင်း နွားကောင်ရေ ၁၁၈ ကောင် မွေးမြူထားရှိသည်။ နို့ထွက်နှုန်းအနေဖြင့် နွားတစ်ကောင်လျှင် နွားနို့ ကုန်ကြမ်းပျမ်းမျှ ၇ ဒသမ ၅ ပိဿာခန့်ဖြင့် နေ့စဉ် ပိဿာချိန်ပေါင်း ၂၂၀ ခန့် ထွက်ရှိပြီး နွားနို့၊ နို့အေး၊ ဒိန်ချဉ်၊ ပူတင်း စသည့် ကုန်ချောပစ္စည်းလေးမျိုး ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

## တောင်ကြီးတပ်နယ်နှင့် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသ၏ သမိုင်းကြောင်းစဉ်လာနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံများနှင့်အတူတကွ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန် လိုအပ်သည့်အခြေအနေများ၊ အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

### သီးခြားစီသွားရောက်တွေ့ဆုံ

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆီဆိုင်၊ ဘန်းယဉ် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌လည်းကောင်း သီးခြားစီသွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် သမိုင်းအစဉ်အလာကြီးမားသောတိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်၍ တာဝန်ထမ်းဆောင်ခွင့်ရသော အရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ဆင့်ကဲအုပ်ချုပ်မှုစနစ်ရှိပြီး အဆင့်လိုက်ခေါင်းဆောင်မှုတာဝန်ထမ်းဆောင်ရာတွင် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်အောင်နေထိုင်ခြင်း၊ စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးနှင့်အညီ ပြုမူပြောဆိုခြင်းနှင့် တပ်ကိုတပ်နှင့်တူအောင် စနစ်တကျထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုမှုကို ရရှိမည်ဖြစ်ကြောင်း၊ တရားသောစစ်ကို အောင်နိုင်ခြင်းသည် ပြည်သူ၏ အားကိုးယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တပ်မတော်သည် နိုင်ငံ၏ Last Defence ဖြစ်၍ ခိုင်ခိုင်မာမာတည်ဆောက်နေရန်လိုကြောင်း။

နိုင်ငံတော်အတွက် အကျပ်အတည်းအချိန်ကာလများတွင် တပ်မတော်သည် အသင့်ဖြစ်ခဲ့၍ တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်မှ အချိန်မီတားဆီးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ အမြဲအသင့်ဖြစ်နေရန် စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရေး ကောင်းစွာလေ့ကျင့်နေရန်လိုကြောင်း၊ အရေးကြီးမှသွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန်လိုကြောင်း၊ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ချစ်စိတ်ကို အခြေခံပြီး မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ၏ မိသားစုအပေါ် သစ္စာရှိရန်၊ မိမိ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်အပေါ်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုကြောင်း။

တပ်မှူးကောင်းသည် ပြောဆိုဆုံးမရန်လိုအပ်သည်ကို ပြောဆိုဆုံးမသကဲ့သို့ ဂုဏ်ပြုချီးမြှောက်သင့်သည်ကိုလည်း ချီးမြှောက်ပေးရန်လိုကြောင်း၊ သဘောကောင်းသည်နှင့် စေတနာထားခြင်းသည် မတူညီကြောင်း၊ စေတနာထားသည်ဆိုသည်မှာ မဖြစ်သင့်မဖြစ်ထိုက်သည်များကို စဉ်းစားဆင်ခြင်ပြီး ဖြစ်သင့်ဖြစ်ထိုက်ခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိသားစုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ ဘာသိဘာသာဖြင့် နေသာသလိုနေခြင်း၊ စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် အဆိုပါ မိသားစုနှင့်အဖွဲ့အစည်းကို ပျက်စီးစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရန်အတွက် စစ်တိုက်တော်ရန်လိုပြီး စစ်ကျောင်းကြီးများအနေဖြင့် အပြည့်အဝလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တိုက်ပွဲဝင်စိတ်ဓာတ်ရှိအောင် ဆောင်ရွက်ရာတွင် စစ်တိုက်တတ်ရုံနှင့်မရဘဲ စိတ်ဓာတ်ကိုပါ ပြုပြင်ရမည်ဖြစ်သည့်အတွက် တိုက်ရဲအောင်၊ စိတ်ဓာတ်ကောင်းအောင် မိသားစုများ၏ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ နောက်ဆံမငင်ရအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ Professional သည် စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်ကြောင်း။

Standard Army ဖြစ်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ထက်မြက်နေရန်လိုပြီး ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများနှင့် နည်းပညာများကို သိရှိလေ့လာနေရန်လိုကြောင်း၊ ခေတ်သစ်နည်းပညာအသုံးပြုထားသော စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်ရန်လိုပြီး မိမိကြံဆမှုဖြင့် ပေါင်းစပ်၍ တိုက်ပွဲဝင်နိုင်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်၊ ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတကာတပ်မတော်များနှင့် လိုက်လျောညီထွေမှုဖြစ်အောင်၊ တပ်မတော်၏အရည်အသွေးကို မြှင့်တင်နိုင်ရန် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏ စွမ်းရည်များရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် မိမိ၏ မျိုးဆက်အပေါ် ပေးနိုင်သော အကောင်းဆုံးအမွေမှာ ပညာအမွေသာဖြစ်ကြောင်း၊ ပညာအမွေပေးနိုင်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို လမ်းဖွင့်ပေးနိုင်မည်ဖြစ်ပြီး လမ်းမှားမရောက်စေရေးအတွက်လည်း ထိန်းကျောင်းပေးရာရောက်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် အနည်းဆုံး KG+9 တက်ရောက်အောင်မြင်အောင် တက်ရောက်သင်ကြားရန်လိုကြောင်း၊ KG+9 (အခြေခံပညာအလယ်တန်းအဆင့်) တက်ရောက်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ တက်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မှီခိုသူသားသမီးများ၏ ပညာရည်မြင့်မားလာပါက တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူရလာမည်ဖြစ်ကြောင်း၊ အလားတူ တပ်မှူးများသည် တပ်မတော်သားများ၏ အတန်းပညာမြင့်မားရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာဖောက်မှု၊ ငွေကြေးရှုပ်ထွေးမှု၊ လူမှုရေးရှုပ်ထွေးမှု၊ မူးယစ်ဆေးဝါးမှုများသည် ခွင့်လွှတ်ပေး၍မရကြောင်း၊ ပြုပြင်ဆုံးမပေးနိုင်သော အပြစ်ဖောက်မှုများအတွက် ပြုပြင်ဆုံးမကာ သဘောပေါက်နားလည်စေခြင်းဖြင့် ထိန်းသိမ်းပေးရန်လိုကြောင်း၊ တပ်ရင်းမှူးနှင့် တပ်ရင်းမှူးဇနီးသည် တပ်၏အမိအဖဖြစ်ပြီး တပ်တွင်လိုက်ပါနေထိုင်သည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏အလုပ်ကို ကူညီပေးရန်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်၍မရကြောင်း၊ ခေါင်းဆောင်မှုကောင်းခြင်းဖြင့် မိမိကွပ်ကဲရသောအဖွဲ့အစည်းအတွက် အေးမြသောအရိပ်အာဝါသတစ်ခုကို ဖြစ်စေပြီး စည်းလုံးညီညွတ်မှုနှင့် တပ်နေပျော်ရေးကို ဖြစ်ပေါ်စေကြောင်း၊ ကောင်းမွန်သောခေါင်းဆောင်မှုဖြင့် မိမိတပ်အပေါ် စေတနာထားကာ စည်းကမ်းကောင်းမွန်၍ စွမ်းရည်သုံးရပ် ထက်မြက်အောင် တည်ဆောက်ပေးနိုင်သော တပ်မှူးများကို ၎င်းတပ်ရင်းက တသသအမှတ်ရနေမည်ဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်ကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေးအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စစ်သားဖြစ်၍ အမိန့်နာခံရမည်ဖြစ်ပြီး အမိန့်မှာတရားမျှတသော အမိန့်ဖြစ်ရန်လိုကြောင်း။

### အောင်မြင်မှုရရှိအောင်ဆောင်ရွက်

သက်သာချောင်ချိရေးနှင့် တည်ဆောက်မှုအပိုင်းတွင် အထက်မှပေးထားသည့် သက်သာချောင်ချိရေးများရှိသကဲ့သို့ မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် သက်သာချောင်ချိရေးများလည်းရှိပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် မိမိကိုယ်တိုင်ဆောင်ရွက်သည့် သက်သာချောင်ချိရေးပင်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် သက်သာချောင်ချိရေးကို လုပ်ဆောင်မည်ဆိုလျှင် တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစိုက်ပါက တစ်ဦးချင်းအကျိုးခံစားရပြီး တပ်ပိုင်ဆောင်ရွက်ပါက မိသားစုဝင်အားလုံး အကျိုးခံစားရမည်ဖြစ်၍ မိမိဒေသနှင့်ကိုက်ညီသော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

တပ်ရင်းတပ်ဖွဲ့များရှိ သက်သာဆိုင်များသည် မိသားစုဝင်များ အမှန်တကယ် သက်သာမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် စစ်သည်၊ မိသားစုများအနေဖြင့် ခြိုးခြံချွေတာရေးအား အသိစိတ်ဖြင့် လိုက်ပါလုပ်ဆောင်နိုင်ရန်လိုကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နေထိုင်ရေး အဆင်ပြေစေရန် ရေ၊ မီး၊ မိလ္လာမှစ၍ အခြေခံလိုအပ်ချက်များကို အခက်အခဲများမရှိအောင် စစ်ဆေးပြုပြင်ပေးရန်လိုကြောင်း၊ ထို့အပြင် စစ်သည်များအနေဖြင့် မိမိတို့၏အခက်အခဲများကို သတင်းပို့တင်ပြနိုင်စေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း။ *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

တိုင်းစစ်ဌာနချုပ်အနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ သေနတ်ပစ်၊ လက်ဝှေ့၊ ပြေးခုန်ပစ် စသည့် အားကစားများတွင် တပ်မတော်ကိုယ်စားပြု၊ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်များ မွေးထုတ်ပေးနိုင်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍ မရနိုင်ဘဲ ပုံမှန်လေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် "ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး" မှာ အရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အားနည်းချက်များကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်သည့်အပိုင်းတွင် ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်ကြရန်လိုကြောင်း။



**စားသောက်ဖွယ်ရာများ ပေးအပ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

### ဖေးမလက်တွဲခေါ်ယူ

အမျိုးသမီးစစ်မှုထမ်းများနှင့် ပတ်သက်ပါက ၎င်းတို့သည် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်၍ မောင်နှမစိတ်မွေးရန်နှင့် လုပ်ဖော်ကိုင်ဖက်များ အဖြစ်သဘောထားကာ ဖေးမလက်တွဲခေါ်ယူရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း မိမိကြောင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်း ဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူပြောဆိုနေထိုင်မှုများ ရှောင်ကြဉ်ရန်လိုကြောင်း၊ ရဲမေများသည် တပ်မတော်၏ အရန်အင်အားများဖြစ်ပြီး ရှုဒူးဗွတ်၊ ကုန်းကြမ်း၊ လုပီ၊ ဝိန်းကောင်ဖြစ်စဉ်များတွင် ရဲမေများ၏ ရဲဝံ့စွန့်စားစွာ ရန်သူကိုတုံ့ပြန်တိုက်ခိုက်ခဲ့သည့် အစဉ်အလာမှတ်တမ်းကောင်းများရှိကြောင်း။

### ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲ

ပြည်သူ့စစ်မှုထမ်းများတွင် ကိုယ်တိုင်ဆန္ဒပြု ဝင်ရောက်လာကြသူများရှိသကဲ့သို့ ဆင့်ခေါ်မှုအရ ဝင်ရောက်လာကြသူများလည်းရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာကြသော်လည်း တာဝန်ထမ်းဆောင်မှုပိုင်းတွင် ကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ ယခုအခါ အမှတ်စဉ်(၂)အထိ တာဝန်ထမ်းဆောင်မှုကာလ ပြည့်မြောက်ခဲ့ရာ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြု၍ အမှုထမ်းလိုသူများ အများအပြား တွေ့ရှိရသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲခေါ်ရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်၏ အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်လည်း တပ်မတော်က စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ပေးကာ လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများအနေဖြင့် တပ်နယ်များရှိ စစ်မှုထမ်းဟောင်းမိသားစုများအား သွားရောက်တွေ့ဆုံအားပေးကာ တင်ပြချက်များအပေါ် အရေးတယူဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ဆီဆိုင်ဒေသသည် အကြမ်းဖက်သောင်းကျန်းသူများ အလစ်အငိုက် ဝင်ရောက်တိုက်ခြင်းခံရပြီး တပ်နယ်များမှ အရာရှိ၊ စစ်သည်များနှင့် ရဲမေများ၏ ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိခဲ့ရာ ပါဝင်ခဲ့သူများအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဆီဆိုင်-ဘန်းယဉ်ဒေသရှိ တိုင်းရင်းသားပြည်သူများသည် ရိုးသားအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သောဒေသဖြစ်သော်လည်း အနိုင်ကျင့်ဗိုလ်ကျလိုသော အကြမ်းဖက်သောင်းကျန်းသူများကြောင့်သာ အကျည်းတန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်တစ်ရပ်တည်းနှင့် ထမ်းဆောင်၍ မရဘဲ ပြည်သူပါဝင်မှသာ ရမည်ဖြစ်သောကြောင့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ အင်အားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ တပ်ပြင်နှင့် ပတ်သက်ပါက ပြည်သူသာအမိ၊ ပြည်သူသာအဖ ဖြစ်သည့်အတွက် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင်လုပ်ရန် တာဝန်ရှိကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးတွင် ခေါင်းဆောင်မှုသည် လွန်စွာအရေးကြီး၍ သမာသမတ်ရှိပြီး မျှတစွာခေါင်းဆောင်နိုင်သည့် တပ်မှူးများဖြစ်ရန်လိုပြီး သတ္တိရှိရှိ လုပ်ရဲကိုင်ရဲရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းဥပဒေကျော်လွန်ပြီး လုပ်ဆောင်ပါက မှားယွင်းမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့် ခိုင်မာကျစ်လျစ်အောင်တည်ဆောက်၍ နိုင်ငံတော်ကအားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင်တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ချီးမြှင့်ငွေများပေးအပ်

တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်များအလိုက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်နှင့်ဘန်းယဉ်တပ်နယ်များအတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်သည်မိသားစုများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနှင့် မလေးရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မေ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ယနေ့တွင် နေပြည်တော်၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတိုဆရီ ဥတမ ဟာဂျီ မိုဟာမက်ဘင် ဟာဂျီ ဟာဆန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး MGallery Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အာဆီယံဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။



**သတင်းစဉ်**

## အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်

**နေပြည်တော် မေ ၁၉**

အခြေခံ လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁၀) နှင့် တန်းမြင့် လေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၉) သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဒုတိယနေ့အဖြစ် သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြသည်။



လေကြောင်းလူငယ်သင်တန်းသားများ
RC လေယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲ လက်တွေ့ယှဉ်ပြိုင်စဉ်။

နံနက်ပိုင်းတွင် RC လေယာဉ်မောင်းပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လွိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော် သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်သင်တန်းစခန်း ၂၀ မှ သင်တန်းသားများ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ RC ရဟတ်ယာဉ်မောင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်ကြသည်။

လေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် ပျံသန်းမှုဆိုင်ရာ အခြေခံသဘောတရားများ၊ လေယာဉ်/ရဟတ်ယာဉ်များ၏ တည်ဆောက်ပုံဆိုင်ရာအခြေခံသဘောတရားများအား သိရှိစေရန်ရည်ရွယ်၍ အဆိုပါပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှင်လန်းပွင့်ဖူးလာသော ကျောင်းပြင်ပရောက်ပန်းကလေးများ

**Naypyitaw State Academy ၏ ခမ်းနားထည်ဝါသော ဘက်စုံသုံးခန်းမကြီး၌ ၅-၅-၂၀၂၆ ရက်နေ့တွင် ကျင်းပသော နိုင်ငံတော်သမ္မတထံမှ ဩဝါဒခံယူပွဲ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ တက်ရောက်ခဲ့ကြပါသည်။**

**သန့်ဇင်ထွန်း (ပညာရေး)**

အဆိုပါအခမ်းအနား၌ စာရေးသူနှင့် ဆရာအတတ်ပညာဦးစီးဌာနမှ ဆရာမတစ်ဦးက လူရည်ချွန်တစ်ဦးအား အသည်းအသန်ရှာဖွေနေပါသည်။ လူရည်ချွန်မောင်မယ် ငါးဦးလျှင် နည်းပြတစ်ဦး၊ ထိုနည်းပြတစ်ဦးကို ဦးစီးဌာနတာဝန်ခံတစ်ဦးက ကြီးကြပ်လျက်ရှိရာ လူရည်ချွန်မောင်မယ် အားလုံး ၇၅၁ ဦးဖြစ်၍ နေရာအနှံ့ မည်သည့်နေရာကြည့်ကြည့် လူရည်ချွန်ဝတ်စုံများဝတ်ဆင်ပြီး တက်ကြွလန်းဆန်းနေသော သားငယ်သမီးငယ်များက အုပ်စုဖွဲ့စကားပြောခြင်း၊ ဓာတ်ပုံအလှရိုက်ခြင်း၊ ဝန်ကြီးဌာန ရှစ်ခု၏ ပြခန်းများတွင် စိတ်ဝင်တစား ကြည့်ရှုလေ့လာခြင်းများ ပြုလုပ်နေကြပါသည်။

မကြာမီကာလတွင် ထိုလူရည်ချွန်၊ လူရည်မွန်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပုံဖော်ထုဆစ်ကြတော့မည်ဖြစ်ပါသည်။ ကျွန်တော်နှင့် ဆရာမတို့ စောင့်နေသောနေရာသို့ လူရည်ချွန်တစ်ဦးနှင့် ကြီးကြပ်ဆရာမတစ်ဦးတို့ ရောက်လာပါသည်။ ထိုသူမှာ အခြားသူမဟုတ်ပါ။ ငယ်ရွယ်စဉ်က ဒဂုံမြို့သစ် (တောင်ပိုင်း) ကျောင်းပြင်ပ ပညာရေး Non-Formal Primary Education(NFPE) စခန်းတွင် Level-1, Level-2 အား ၂၀၁၄ ခုနှစ်တွင် စတင်တက်ရောက်ခဲ့ပြီးနောက် ကျောင်းပညာရေးဖြစ်သော အခြေခံပညာအလယ်တန်း၊ အခြေခံပညာအထက်တန်းအဆင့်ဆင့်ကို အခက်အခဲများစွာကြားမှ ပြန်လည်တက်ရောက်ခဲ့ကာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ဆရာအတတ်ပညာတက်ရောက်သင်ယူနေသော ဒုတိယနှစ် ကျောင်းသူ မနဒီရွှေလွှာ ဖြစ်ပါသည်။

မနဒီရွှေလွှာသည် ငယ်စဉ်ကတည်းကပင် မလျှော့သော လုံ့လ၊ ပြင်းပြသော စိတ်ဓာတ်၊ ထက်သန်သောဇွဲတို့ဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာဖြတ်သန်းခဲ့သူပီပီ လူရည်ချွန်ရွေးချယ်မှုအဆင့်ဆင့်တွင်လည်း အောင်မြင်အောင် ကျော်ဖြတ်နိုင်ခဲ့ပါသည်။ မနဒီရွှေလွှာကို မြင်တွေ့ရသည့်အချိန်၌လည်း အခြားလူရည်ချွန်မောင်မယ်များနည်းတူ တက်ကြွလန်းဆန်းလျက် နေပြည်တော်လူရည်ချွန် စုရပ်စခန်းသို့ ရောက်ရှိချိန်မှစ၍ နေထိုင်စားသောက်ရေး အဆင်ပြေချောမွေ့မှုနှင့် နေပြည်တော်နယ်မြေအတွင်း လေ့လာရေးခရီးများမှ ဗဟုသုတရဖွယ်ရာများကို အားပါးတရပြောကြားနေပုံမှာ မည်မျှပျော်ရွှင်နေသည်ကို ထင်သာမြင်သာရှိလှပါသည်။ ကျောင်းပြင်ပပညာရေးမှ အောင်မြင်သောကလေးများစွာရှိနေကြပြီး အချို့မှာ ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိနေသည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ် ဖြစ်ပါသည်။

သို့သော် မိမိတို့နိုင်ငံအတွင်း ပြည်သူအများစုမှာ ကျောင်းတွင်းပညာရေးကိုသာ သိရှိနားလည်ကြပြီး ကျောင်းပြင်ပပညာရေးနှင့် ရင်းနှီးမှုမရှိကြောင်းကိုလည်း စာရေးသူ သွားလာနေသည့် နယ်မြေအချို့တွင် တွေ့ရှိသိမြင်နေရပါသည်။ စာရေးသူအနေဖြင့် လွန်ခဲ့သည့်နှစ်များက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် ပညာရေးဝန်ထမ်းများ တက်ရောက်ရသည့် သင်တန်းများ၌ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ရပါသည်။

ထိုစဉ်အချိန်က သင်တန်းသားများအား ဗဟုသုတရရန်အလို့ငှာ အမေးအဖြေကဏ္ဍ၌ မေးမြန်းချိန်များတွင် သင်တန်းသား သုံးပုံတစ်ပုံခန့်သာ ကျောင်းပြင်ပပညာရေးကို သိရှိကြပြီး ထိုသုံးပုံတစ်ပုံအနက် လူနည်းစုသာ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းဆောင်ရွက်မှုကို ပီပီပြင်ပြင် သိရှိကြသဖြင့် သင်ခန်းစာ အပိုဆောင်းမျှဝေပေးခဲ့သည့် သာဓကများစွာရှိခဲ့ပါသည်။ စာရေးသူ၏ မိတ်ဆွေများ၊ အထက်အရာရှိများကလည်း ကျောင်းပြင်ပ ပညာရေးအကြောင်း စာရေးသားရန် တိုက်တွန်းပြောကြားကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးသားဖြစ်ခဲ့ပါ။ ယခု မနဒီရွှေလွှာကို တွေ့မြင်ပြီးနောက်တွင် မအားလပ်သည့်ကြားမှ ကျောင်းပြင်ပပညာရေးမှ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် အောင်မြင်ခဲ့သော သမီးငယ်အကြောင်း ရေးသားရန်အကြောင်း ဖြစ်လာပါသည်။



ကျောင်းပြင်ပပညာရေးဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းအဆင့် မတက်ရောက်ခဲ့ရသူများ (သို့မဟုတ်) မူလတန်းအဆင့်မပြီးဆုံးမီ ကျောင်းထွက်စောခဲ့သူများကို ပညာသင်ကြားခွင့်ရရှိစေရန် နိုင်ငံတော်က ဒုတိယအကြိမ် အခွင့်အရေးပေးထားသည့် အစီအစဉ်ကောင်းတစ်ခု ဖြစ်ပါသည်။ ကျောင်းပြင်ပမူလတန်းပညာရေးကို ကျောင်းပြင်ပရောက်နေသော အသက် ၁၀ နှစ်မှ ၁၄ နှစ်အရွယ် ကလေးများ တက်ရောက်သင်ကြားနိုင်ကြပါသည်။

ထို့အပြင် ကျောင်းပြင်ပမူလတန်းပညာရေး ပြီးမြောက်ပြီးသူများနှင့် အခြေခံပညာ အလယ်တန်းအဆင့် မပြီးဆုံးမီ ကျောင်းပြင်ပရောက်ခဲ့ရသူများ (သို့မဟုတ်)အလယ်တန်းပညာ သင်ကြားနေစဉ် ကျောင်းထွက်စောခဲ့ရသူများအတွက်လည်း ကျောင်းပြင်ပအလယ်တန်းပညာရေး Non-Formal Middle Education (NFME)သို့ တက်ရောက်နိုင်ကြပါသည်။ ကျောင်းပြင်ပအလယ်တန်းအတွက် အသက်ကန့်သတ်ချက်မှာ ၁၃ နှစ်မှ ၁၈ နှစ်အတွင်း ဖြစ်ပါသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး နှစ်မျိုးစလုံးကို ပညာရပ်ပိုင်းဆိုင်ရာအခေါ်အရ တန်းညှိပညာရေးအစီအစဉ် (Equivalency Programme) ဟု ခေါ်ဆိုကြပါသည်။ ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)တွင် Level-1, Level-2 ဟူ၍ သတ်မှတ်ထားရှိကာ Level တစ်ခုကို တစ်နှစ်စာသင်ချိန် နာရီ ၅၅၀ တက်ရောက်ရမည်ဖြစ်ပြီး ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME)တွင် Level-1, Level-2, Level-3 ဟူ၍ သတ်မှတ်ထားရှိပါသည်။ ကျောင်းပြင်ပအလယ်တန်းပညာရေး၏ Level တစ်ခုလျှင် တစ်နှစ်၊ စာသင်ချိန် နာရီ ၆၄၀ တက်ရောက်ကြရမည် ဖြစ်ပါသည်။

ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး၏ အားသာချက်တစ်ခုမှာ ကျောင်းပြင်ပရောက်သွားသည့် မည်သည့်ကလေးမဆို အသက်ကန့်သတ်ချက်အတွင်း ရောက်ရှိနေပါက ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးက စစ်ဆေးသည့် အတန်းဝင်ခွင့် စာမေးပွဲ (Placement Test) ကို ဝင်ရောက်ဖြေဆိုပြီး သတ်မှတ်ထားသော Level များတွင် တက်ရောက်သင်ကြားနိုင်ကြပါသည်။ ကျောင်းပြင်ပရောက်ကျောင်းသားများ အနေဖြင့် တစ်ရက်လျှင် စာသင်ချိန် နှစ်နာရီခွဲခန့်သာ တက်ရောက်ရသဖြင့် ကျန်အချိန်များတွင် မိသားစုအိမ်မှုကိစ္စရပ်များ ကူညီပေးနိုင်ခြင်း၊ မိဘ (သို့မဟုတ်) အုပ်ထိန်းသူများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ပါဝင်ကူညီပေးနိုင်ခြင်း စသည့်အခွင့်အရေးကောင်းများ ရရှိသဖြင့် မိသားစုများသော၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်ရန် လိုအပ်နေသော မိသားစုများအတွက် မိမိတို့ကလေးများအား လုပ်ငန်းလည်းဆောင်ရွက်နိုင်၊ စာပေပညာလည်း သင်ကြားစေနိုင်ကြပါသည်။

ကျောင်းပြင်ပပညာရေးသို့ တက်ရောက်လိုသူများသည် မိမိတို့နေထိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ သွားရောက်သတင်းပေးပို့ရန် လိုအပ်ပါသည်။ သို့မှသာ မြို့နယ်ပညာရေးမှူးများက စီစဉ်ပေးသောနေရာများသို့ တက်ရောက်သင်ကြားခွင့် ရရှိကြမည် ဖြစ်ပါသည်။

ယခုစာရေးသူ တင်ပြခဲ့သော မနဒီရွှေလွှာမှာလည်း မိဘအလုပ်များကူညီရင်း ကျောင်းပြင်ပမူလတန်းပညာရေး တက်ရောက်အောင်မြင်ခဲ့သူ တစ်ဦး ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ ကျောင်းပြင်ပမူလတန်းပညာရေး ကလေးငယ် ၆၃၁၄၃ ဦးအား လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်း ကလေးငယ် ၄၁၇၁ ဦးအား လည်းကောင်း ပညာသင်ကြားသင်ယူခွင့်များ ရရှိစေခဲ့ပါသည်။ အဆိုပါကလေးငယ်များအနက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ ၁၂၇ ဦး ရှိခဲ့ပြီဖြစ်ပါသည်။ အောင်မြင်ခဲ့သည့် ကလေးများအနက် ဆရာ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေကြသူ သုံးဦး၊ ပညာရေးဒီဂရီကောလိပ်တက်ရောက်ပြီး တာဝန်ချထားရန် စောင့်ဆိုင်းနေကြသူနှစ်ဦး၊ ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်နေသူ နှစ်ဦးတို့ရှိကြောင်း သိရှိရသဖြင့် ပညာရေးဝန်ကြီးဌာန၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများထဲမှ အောင်မြင်မှုရလဒ်များပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် စာရေးသူတို့၏ နိုင်ငံအတွင်း ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောင်းပြင်ပပညာရေး၏ တန်းညှိပညာရေး အစီအစဉ်များသည် အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးလမ်းကြောင်းပေါ်မှ လမ်းချော်သွားရသော ကလေးငယ်များအတွက် ဘဝလမ်းမှန်ပေါ် ပြန်လည်ရောက်ရှိအောင် တည့်မတ်ပေးနေသည့် ပညာသင်ယူမှု အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ထိုအခွင့်အလမ်းကောင်းကို လက်လွှတ်မခံဘဲ ပညာသင်ယူလိုသူများအတွက် ဒုတိယအကြိမ် အခွင့်အရေး (Second Chance) ရရှိစေရန် နိုင်ငံတော်မှ ဘဏ္ဍာငွေကျခံသုံးစွဲလျက် စီစဉ်ဆောင်ရွက်ပေးနေသည်ကို အများပြည်သူသိရှိရန် အရေးကြီးလှပါသည်။ အဆိုပါကလေးများ၏ ဘဝရှေ့ရေးသာယာ ဖြောင့်ဖြူးစေသည့်အပြင် ကျောင်းပြင်ပရောက် ကလေးတစ်ဦးချင်းစီ၏ မိသားစုတစ်ခုချင်းစီအလိုက် လူမှုစီးပွားဘဝ အေးချမ်းသာယာ တိုးတက်စေရေးအတွက် ဒေသအလိုက် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ဆန္ဒပြုတိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။ ။

> **“ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး၏ အားသာချက်တစ်ခုမှာ ကျောင်းပြင်ပရောက်သွားသည့် မည်သည့်ကလေးမဆို အသက်ကန့်သတ်ချက်အတွင်း ရောက်ရှိနေပါက ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးက စစ်ဆေးသည့် အတန်းဝင်ခွင့် စာမေးပွဲ (Placement Test) ကို ဝင်ရောက်ဖြေဆိုပြီး သတ်မှတ်ထားသော Level များတွင် တက်ရောက်သင်ကြားနိုင်ကြပါသည်။ ကျောင်းပြင်ပရောက် ကျောင်းသားများအနေဖြင့် တစ်ရက်လျှင် စာသင်ချိန် နှစ်နာရီခွဲခန့်သာ တက်ရောက်ရသဖြင့် ကျန်အချိန်များတွင် မိသားစုအိမ်မှုကိစ္စရပ်များ ကူညီပေးနိုင်ခြင်း၊ မိဘ (သို့မဟုတ်) အုပ်ထိန်းသူများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် ပါဝင်ကူညီပေးနိုင်ခြင်း စသည့်အခွင့်အရေးကောင်းများရရှိ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၁၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိအကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ်ရှိပြည်တွင်းအခွန်များဦးစီးဌာန၏ အဆောက်အအုံအကြီးစား ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် အဆောက်အအုံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်မှူး မွမ်းမံသင်တန်း၊ ရုံးလုပ်ငန်းသုံး ကွန်ပျူတာ မွမ်းမံသင်တန်းနှင့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုဆိုင်ရာမွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၂၀၂၅-၂၀၂၆ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲတက်ရောက်

**စစ်ကိုင်း မေ ၁၉**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်၍ ဝန်ကြီးဌာန လေးခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။



မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ မနုဿဗေဒပြခန်း၊ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ကွန်ပျူတာလက်တွေ့ခန်း၊ Language Lab ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်မည့်မြေနေရာနှင့် ငါးခူမွေးမြူရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အိန္ဒိယသမ္မတနိုင်ငံမှ အင်္ဂလိပ်ဘာသာသင်တန်းဆရာများကို မြန်မာနိုင်ငံ၏ သတ်မှတ်တက္ကသိုလ်များတွင် ရေရှည်ခန့်ထား တာဝန်ပေးအပ်ရေး၊ ဆရာ ဆရာမ ၃၀ ကို အင်္ဂလိပ်စာကျွမ်းကျင်မှု ကာလတိုသင်တန်းများ အိန္ဒိယတက္ကသိုလ်များ၌ တက်ရောက်နိုင်ရေးနှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာ ဆရာမများအတွက် ပညာတော်သင်ဆုများ ချီးမြှင့်ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၉**

ပင်လယ်ငါးလုပ်ငန်း ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းတို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တည်ဆဲငါးလုပ်ငန်းနှင့် သက်ဆိုင်သည့်ဥပဒေများသည် ပြောင်းလဲလာသော အခြေအနေအရ ခေတ်ကာလနှင့် လျော်ညီမှုမရှိခြင်း၊ လက်တွေ့နယ်ပယ်နှင့် များစွာကွာခြားလာခြင်း၊ နိုင်ငံတကာမှ ကျင့်သုံးနေသောဥပဒေ၊ နည်းဥပဒေများနှင့် လိုက်လျောညီထွေမှုမရှိခြင်းတို့ကြောင့် ပင်လယ်ငါးလုပ်ငန်းဥပဒေ (မူကြမ်း) ကို ရေးဆွဲရခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အတွက် ဥပဒေ(မူကြမ်း)များသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် ယခင်လွှတ်တော်တွင် ပြဋ္ဌာန်းရန် ကျန်ရှိသည့် ဥပဒေများအနက် အရေးကြီး၍ သင့်တင့်သည့် ဥပဒေများကို လာမည့်လွှတ်တော်တွင် တင်ပြနိုင်ရေး ဝန်ကြီးဌာနများက ပြင်ဆင်ထားရန်နှင့် ပင်လယ်ငါးလုပ်ငန်း ဥပဒေ(မူကြမ်း)တွင် လက်ရှိကာလအခြေအနေနှင့်ညီအောင် ပြင်ဆင်ရန် လိုအပ်ချက်များကို ညှိနှိုင်းပြင်ဆင်ပြီးပါက ဥပဒေပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများ မေ ၁၇ ရက်က သပြေကုန်းကျေးရွာအုပ်စု ကားတဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာသူကျေးရွာသားများအား သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောစဉ်။ မွန်မလေး(ပြန်/ဆက်)



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားစဉ် အမှတ်(၉)တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တံတားပျက်စီးမှုအား တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

## ◆ တပ်မတော်စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ် ဖြစ်ပွားခဲ့

❑ *ရှေ့ဖုံးမှ*

ထိုသို့ နိုင်ငံတော်အတွက် အရေးပါသော နယ်စပ်မြို့ဖြစ်သည့် မောတောင်မြို့၌ ရိုးသားစွာနေထိုင်လုပ်ကိုင် စားသောက်နေထိုင်ကြသည့် ပြည်သူများအား CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချပေးကာ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးပြီး မောတောင်မြို့ရှိလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားအလုံးအရင်းအသုံးပြု၍ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် မောတောင်မြို့အား ရန်သူ့လက်အောက်သို့ ကျရောက်မှုမရှိစေရေး အသက်ကိုပဓာနမထားဘဲ ခုခံခဲ့ကြသော်လည်း ရန်သူမှာ အင်အားအဆမတန်ဖြည့်တင်းလာခြင်း၊ မိမိဘက်မှ အရာရှိ၊ စစ်သည်များ ထိခိုက်ဒဏ်ရာရရှိမှု များပြားလာခြင်းများနှင့် ဒေသခံပြည်သူများ၏ တိုက်တာ အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်အတွက် အဆင့်ဆင့်ခုခံ၍ စစ်နည်းဗျူဟာမြောက် ဆုတ်ခွာခဲ့သဖြင့် မောတောင်မြို့အား ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

မောတောင်မြို့တွင် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့သကဲ့သို့ တစ်ဖက်နိုင်ငံမှလည်း ကုန်စည်များဝင်ရောက်လျက်ရှိသော်လည်း KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှစ်နိုင်ငံ နယ်စပ်ကုန်စည်စီးဆင်းမှုများ ရပ်တန့်ထားခဲ့ရပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများလည်း ဆုံးရှုံးနစ်နာခဲ့ကြရသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဝိသမလောဘသမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် ခိုးထုတ်ရောင်းချခဲ့ကြသည်။**

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မောတောင်မြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရန်နှင့် တနင်္သာရီ–ရေဖြူ–သိန်းခွန်–သဲဖြူ–မောတောင်လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်ခြေကုပ်ယူကာ တစ်ဆင့်ပြီးတစ်ဆင့် အသက်ကို ပဓာနမထားဘဲ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်ဖြင့် ၂၀၂၆ ခုနှစ် မေလ ၅ ရက်မှစ၍ ပြန်လည်တိုက်စစ်ဆင် ဆင်နွှဲခဲ့ရာ မေလ ၉ ရက်တွင် ရန်သူ၏ ယာယီစခန်းဖြစ်သည့် ပွိုင့် ၂၇၁ တောင်ကုန်းအား လည်းကောင်း၊ မေလ ၁၂ ရက်တွင် ဖောင်ဆိပ်ကျေးရွာအနီးရှိ ရန်သူ့ယာယီခံစစ်နေရာ ၂ ခုအား လည်းကောင်း၊ မေလ ၁၃ ရက်တွင် ဖောင်ဆိပ်ကျေးရွာအား လည်းကောင်း၊ မေလ ၁၅ ရက်တွင် နှံ့ပွားကျေးရွာအား လည်းကောင်း၊ မေလ ၁၆ ရက်တွင် အမှတ် (၅) ကျေးရွာအားလည်းကောင်း၊ မေလ ၁၇ ရက်တွင် အမှတ်(၃) ကျေးရွာအားလည်းကောင်း၊ မေလ ၁၈ ရက် တွင် အမှတ်(၁) ကျေးရွာအားလည်းကောင်း၊ မေလ ၁၉ ရက် ယနေ့ညနေ ၄ နာရီတွင် မောတောင်မြို့အားလည်းကောင်း တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးစဉ် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ အမှတ်(၉) ကျေးရွာတံတားနှင့် အမှတ်(၈)တံတားတို့အား မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော်စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက် ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၂၅ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် မောတောင်မြို့အား ယာယီစိုးမိုးထားစဉ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအား ခံစစ်တံတိုင်းသဖွယ် အသုံးပြုခဲ့ကြပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိကကုန်သွယ်မှု စီးပွားရေးဇုန်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများကိုအကြောင်းမဲ့တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုကို ထိခိုက်နစ်နာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာနစ်နာစေခဲ့သည်။ မောတောင်–ကြိမ်ချောင်းဒေသမှ ထွက်ရှိသည့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မတရားခိုးယူတူးဖော်ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရသည်။**

၎င်းအပြင် **KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက်မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့သည်။** ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာခဲ့ရကာ စစ်ပွဲ၏ အနိဋ္ဌာရုံများကို ခံစားခဲ့ကြရပြီး ၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ တည်ငြိမ်အေးချမ်းသည့် ဒေသများသို့ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ မောတောင်မြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ် ကလေးသူငယ်များ စာသင်ကြားနိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံး ပြန်လည် ပြုပြင်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံ/ဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင် ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံ နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများသည် နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှု၏ အသက်သွေးကြောများဖြစ်ကြသည်။ ထိုကဲ့သို့ အရေးပါသည့် နယ်စပ်ဒေသများတွင် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များသည် နှစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည့်အပြင် နှစ်ကာလရှည်ကြာစွာ ခိုင်မြဲခဲ့သည့် ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးကိုပါ များစွာထိခိုက်စေသောကြောင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။

တပ်မတော်အနေဖြင့် မောတောင်မြို့အား သိမ်းပိုက်ရရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူလူထုများက မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းကာ တနင်္သာရီ–မောတောင် လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများက ဝမ်းမြောက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအား အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြကြောင်း အောင်ပွဲရတိုက်ပွဲဝင်တပ်မတော်သားများအတွက် ဂုဏ်ယူစွာဖြင့် ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော (၁၁)ကြိမ်မြောက် “Digitalization of Industrial Russia (2026)” ဖိုရမ်တက်ရောက်




**နေပြည်တော် မေ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ မေ ၁၈ ရက်မှ ၂၂ရက် အထိကျင်းပသည့် (၁၁)ကြိမ်မြောက် “Digitalization of Industrial Russia (2026)” ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် Mr. Mikhail Mishustin က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံ၏ အဓိကစက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက သက်ဆိုင်ရာစက်မှုကဏ္ဍအလိုက် ဒီဂျစ်တယ်နည်းပညာအသုံးပြုဆောင်ရွက်နေသူများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် “The Speed Race: Is Defense Keeping Pace with Threats?” ခေါင်းစဉ်ဖြင့် ကျင်းပသောဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြီး ယနေ့နိုင်ငံတကာတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသည့် ဆိုက်ဘာနည်းပညာဆိုင်ရာခြိမ်းခြောက်မှု အန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေး (IT Security) ဆော့ဖ်ဝဲနှင့် စက်ပစ္စည်းများ ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Security Code ကုမ္ပဏီအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် ယနေ့ခေတ်လုံခြုံမှုဆိုင်ရာ နည်းပညာမျှဝေပေးနိုင်ရေး၊မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်နည်းပညာကူးပြောင်းမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရုရှားအစိုးရ၏ “Digital Economy” အမျိုးသားစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြင်ဆင်ထားသည့် နေရာတစ်ခုဖြစ်သည့် NEIMARK တက္ကသိုလ်၏ IT Campus သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးနိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် မေ ၁၉**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် ထေးသမရပ်ကွက် ချိကယ်ကျေးရွာအုပ်စုနေ ပြည်သူများနှင့် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူများက ရပ်ရွာအတွက် လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည် ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယမန်နေ့ မွန်းလွဲပိုင်းက ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်းရုံအမှတ် (၃) ၌ ကျင်းပရာ ထေးသမအသင်းနှင့် သတ္တာပလူအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**





# မွန်ပြည်နယ်ဝန်ကြီးချုပ် ကွန်ပျူတာစက်ပန်းထိုးစက်ရုံ ကြည့်ရှု၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

မော်လမြိုင် မေ ၁၉

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ စမ်းကြီးအင်းဝိုင်းရပ်ရှိ ခေတ်ဦးပန်းထိုးစက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်းရှိ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မော်လမြိုင်မြို့ တရားလွှတ်တော်ဆိပ်၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် မုန်တိုင်းဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ကြည့်ရှုအားပေးပြီး သရုပ်ပြအဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ကာ သဘာဝဘေး ကယ်ဆယ်ရေးပစ္စည်း ကိရိယာများ၊ အသက်ကယ်လှေများ စုဆောင်းပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်၍ တက္ကသိုလ်၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့်တို့၌ ပညာသင်ကြားနေသော သားသမီးများအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၆၁၆၀၀၀၀ နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မဟာအောင်မြေမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အဘိတ်ဆေးခတ်ပေး

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် မေ ၁၈ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံ ဆရာဝန် ဒေါက်တာ ဇော်ဇော်အောင်၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းဖြစ်သည့် ခြင်လောက်လမ်းသေဆေး အဘိတ်ဆေးခတ်ခြင်းများကို မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်များအား စုရပ်ဖွဲ့၍ ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာရုံးများ မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းကို မေ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်စဉ်။

အလင်းသစ်(ပြန်/ဆက်)



# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်းပါး

# ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းဖို့ ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့

သစ်တောမောင်

> **"ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့် အညီ လူတိုင်း၏ နေ့စဉ်ဘဝ၊ အိမ်ထောင်စုတစ်စုချင်းဆီမှစတင်ပြီး မိမိတို့ရပ်ရွာ၊ ဒေသတွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံအတွက်သာမက ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်တည်ငြိမ်မှု၊ ရာသီဥတုမျှတမှု၊ စားရေရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက် ကြီးမားသော အကျိုးသက်ရောက်မှုများဖြစ်စေမည်"**

**အပြည်ပြည်ဆိုင်ရာ**
**ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့**

၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ အစီအစဉ်၏ ဒုတိယအကြိမ်မြောက် ကော်မတီ အစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အကြောင်းကိစ္စရပ်များကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ နှစ်စဉ် မေလ ၂၂ ရက်နေ့အား "အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့" အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ **"ကမ္ဘာ့ဇီဝ မျိုးစုံမျိုးကွဲထိန်းသိမ်းဖို့ ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့"** (Acting Locally for Global Impact)" ဖြစ်သည်။ "ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသမှ စတင်ပြီး တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၏ အသေးစားလုပ်ဆောင်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်"ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။

**ဇီဝမျိုးစုံမျိုးကွဲများ**

ကမ္ဘာပေါ်ရှိ သစ်တောများ၊ ရေဝပ်ဒေသများ၊ တောရိုင်းတိရစ္ဆာန်များ၊ ရေနေသတ္တဝါများ၊ အပင်မျိုးစုံနှင့်မျိုးရိုးဗီဇအရ အမျိုးမျိုးကွဲပြားသော သက်ရှိများအားလုံးကို **"ဇီဝမျိုးစုံမျိုးကွဲ"** (Biodiversity) ဟု ခေါ်ဆိုပါသည်။ ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံမျိုးကွဲပေါင်း (အပင်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း) ၈ ဒသမ ၇ သန်းခန့်ရှိပြီး ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ၈၀ ရာခိုင်နှုန်း၊ ငှက်မျိုးစိတ်များ၏ ၇၅ ရာခိုင်နှုန်းနှင့် နို့တိုက်သတ္တဝါမျိုးစိတ်များ၏ ၆၈ ရာခိုင်နှုန်းသည် သစ်တောများအတွင်း ရှင်သန်နေထိုင်ကြသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ဟိမဝန္တာတောင်စဉ် တောင်တန်းဒေသများတွင် ပါဝင်နေသည်သာမက အင်ဒိုချိုင်းနားနှင့် မလေးကျွန်းဆွယ်ဒေသတို့အတွင်း ထိစပ်ပါဝင်နေသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာကြွယ်ဝပြီး သဘာဝအပင်မျိုးစိတ်များနှင့် သတ္တဝါမျိုးစိတ်များစွာတို့ကို တွေ့ရှိနိုင်ပါသည်။ ၂၀၂၅ ခုနှစ်အထိ သုတေသနပြုလေ့လာမှုများအရ မြန်မာနိုင်ငံတွင် အပင်မျိုးစိတ် ၁၄၀၂၀၊ နို့တိုက်သတ္တဝါမျိုးစိတ် ၃၆၅ ခု၊ ငှက်မျိုးစိတ် ၁၁၀၀၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၁ ခု၊ ကုန်းနေရေနေသတ္တဝါမျိုးစိတ် ၁၂၀၊ ရေချိုနှင့် အဏ္ဏဝါငါးမျိုးစိတ် ၁၁၀၀၊ သန္တာမျိုးစိတ် ၂၈၇ ခု၊ ပင်လယ်မြက်မျိုးစိတ် ၁၂ ခု၊ ပင်လယ်ရေညှိ ၃၈ မျိုးတို့ကို မှတ်တမ်းတင်ထားရှိပြီးဖြစ်သည်။

**ဇီဝမျိုးစုံမျိုးကွဲများက**
**ပံ့ပိုးသောအကျိုးကျေးဇူးများ**

ဇီဝမျိုးစုံမျိုးကွဲများက လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ ရေကောင်းရေသန့်၊ လေကောင်းလေသန့်များ ပံ့ပိုးပေးသကဲ့သို့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအတွက်လည်း အခြေခံအရင်းအမြစ်များဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ အကဲဖြတ်အစီရင်ခံစာအရ ဇီဝမျိုးစုံမျိုးကွဲတို့က ပံ့ပိုးသော အကျိုးကျေးဇူးများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်-

**စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး။** ဇီဝမျိုးစုံမျိုးကွဲများက စိုက်ပျိုးရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး သီးနှံများနှင့် မွေးမြူရေးတိရစ္ဆာန်များအတွက် လိုအပ်သော မျိုးရိုးဗီဇအမျိုးမျိုးကို ပံ့ပိုးပေးပါသည်။ စားသုံးရန်အတွက် အပင်မျိုးစိတ် ၇၀၀၀ ခန့်ကို စိုက်ပျိုးကြသည်။ ပျားများနှင့် အင်းဆက်ပိုးမွှားများကဲ့သို့သော ဝတ်မှုန်ကူးပေးသည့် သတ္တဝါများသည် ကမ္ဘာ့ထိပ်တန်းအစားအစာသီးနှံများ၏ ၇၅ ရာခိုင်နှုန်းကျော်အတွက် မရှိမဖြစ်လိုအပ်ပြီး သဘာဝမှရရှိသည့် ငါးများသည် လူဦးရေ ၃ ဘီလီယံခန့်အတွက် အဓိက ပရိုတင်းအရင်းအမြစ်ကို ပံ့ပိုးပေးပါသည်။

**ကျန်းမာရေး။** နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုသကဲ့သို့ အစွမ်းထက်သော ဆေးဝါးများကို သစ်ပင်အမျိုးမျိုးမှ ရရှိနိုင်ပါသည်။ ယနေ့ခေတ်တွင် အသုံးပြုနေသော ကင်ဆာဆေးဝါးအားလုံး၏ ၇၀ ရာခိုင်နှုန်းကို သဘာဝတရားက ပံ့ပိုးပေးပြီး ဆေးဝါးများ၏ ရာခိုင်နှုန်းအများစုကို အပင်များ၊ မှိုများနှင့် ဗက်တီးရီးယားများအပါအဝင် သဘာဝအရင်းအမြစ်များမှရရှိသည်ဟု သိရှိရသည်။ လူ ၄ ဘီလီယံသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက် သဘာဝဆေးဝါးများကို အဓိက အားကိုးကြရလျက်ရှိသည်။

ပင်နီဆီလင် ကမ္ဘာပေါ်တွင် အရေးအကြီးဆုံး ပဋိဇီဝဆေးများထဲမှ တစ်ခုဖြစ်ပြီး မှိုမှထုတ်လုပ်သည်။ သဘာဝဓာတုပစ္စည်းဖြစ်သည့် ပက်လီတဆဲလ် (Paclitaxel) သည် ကင်ဆာကုသဆေးတစ်မျိုးဖြစ်ပြီး ကျောက်ထင်းရှူးပင် (Yew Tree) (Taxus brevifolia) အပင်၏ အခေါက်မှ ထုတ်လုပ်ခြင်းဖြစ်သည်။ မိုးမခပင်၏ သစ်ပင်အခေါက်တွင် ပါဝင်သော သဘာဝဓာတုဒြပ်ပေါင်း ဆလီစင် (Salicin) သည် ယနေ့ အက်စပရင်ဆေး ဖွံ့ဖြိုးလာစေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ခေါင်းကိုက်ခြင်း၊ ကိုယ်လက်နာကျင်ခြင်း၊ ဖျားနာခြင်း၊ အဆစ်ရောင်ရမ်းခြင်း စသည့်ရောဂါများအတွက် အသုံးပြုလျက်ရှိသည်။ ပဋိဇီဝဆေးအများစုသည် မြေဆီလွှာမှ ဗက်တီးရီးယားများနှင့် မှိုများကိုအခြေခံကာ ပြုလုပ်ထားခြင်းဖြစ်သည်။

**စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှု။** ကမ္ဘာ့ဂျီဒီပီ၏ ထက်ဝက်ကျော် (အမေရိကန်ဒေါ်လာ ၄၄ ထရီလီယံ) သည် သဘာဝတရားအပေါ် မြင့်မားစွာမှီခိုနေရသည်။ အစိမ်းရောင်စီးပွားရေးနှင့် ဇီဝစီးပွားရေးလုပ်ငန်းနယ်ပယ်တို့သည် ဇီဝမျိုးစုံမျိုးကွဲများပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။

သဘာဝသစ်တောကြီးများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများသည် အလုပ်အကိုင် သန်းပေါင်းများစွာကို ပံ့ပိုးပေးသည်။ ရေဝေရေလဲဒေသရှိ သစ်တော၊ သစ်ပင်များသည် မြေပေါ်၊ မြေအောက်ရေများကို သဘာဝအလျောက် စစ်ထုတ်သန့်စင်ပေးခြင်းသည် စက်ကိရိယာများဖြင့် စစ်ထုတ်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို ဘီလီယံနှင့်ချီ၍ သက်သာစေပါသည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ပြီး ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းဖြင့် လူသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပြီး အပန်းဖြေရန်နှင့် စိတ်ဖိစီးမှုကိုလျှော့ချရန် အခွင့်အလမ်းများနှင့် ကောင်းကျိုးချမ်းသာများ ရရှိစေပါသည်။

**ဂေဟစနစ်ဝန်ဆောင်မှုများ။** ဇီဝမျိုးစုံမျိုးကွဲများသည် လေနှင့်ရေကို သန့်စင်ပေးခြင်း၊ ရေတွင် ပါဝင်နေသည့် အဆိပ်အတောက်နှင့် အညစ်အကြေးများ ဖယ်ရှားခြင်းနှင့် မြေဆီလွှာ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးသည်။ သန္တာကျောက်တန်းများသည် ကမ်းရိုးတန်းများကို ကာကွယ်ရန် လှိုင်းရိုက်ခတ်မှုကို ၉၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်။ ဒီရေတောများ၊ သန္တာကျောက်တန်းများနှင့် သစ်တောများသည် လေမုန်တိုင်းတိုက်ခတ်မှု၊ ကမ်းရိုးတန်းရေကြီးမှု၊ ဒီရေလှိုင်းများ၊ မြေပြိုခြင်း၊ ရေကြီးရေလျှံဖြစ်မှုနှင့် မိုးခေါင်ရေရှားမှုတို့ကို လျော့ပါးသက်သာစေရန် တားဆီးကာကွယ်ပေးပါသည်။

ပင်လယ်နှင့် ကုန်းမြေဂေဟစနစ်များသည် လူသားများ ပယောဂကြောင့် ထုတ်လွှတ်သည့် ကာဗွန်ထုတ်လွှတ်မှု၏ ၅၀ ရာခိုင်နှုန်းကို စုပ်ယူဖယ်ရှားပြီး လေထုပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးသည်။ မြို့ပြသစ်ပင်များ၊ သစ်တောများသည် အရိပ်ရစေပြီး ဒေသတွင်း လေထုအပူချိန်ကို ၈ ဒီဂရီဆဲလ်စီးယပ်အထိ လျှော့ချပေးပြီး ရာသီဥတုမျှတသာယာစေသည်။

**ဇီဝမျိုးစုံမျိုးကွဲများ**
**လျော့ပါးပျောက်ကွယ်ခြင်းနှင့် အကျိုးဆက်များ**

သက်ရှိလောကအတွက် မရှိမဖြစ် အရေးပါသော ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ၏ ပယောဂကြောင့် ဖြစ်ပေါ်လာသော သစ်တောပြုန်းတီးခြင်း၊ အပင်နှင့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ လျော့ပါးပျက်စီးခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်း၊ သစ်တောမြေမှ အခြားမြေသို့ အသုံးချမှုများ ပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူအသုံးချခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများနှင့်အတူ လျော့ပါးဆုံးရှုံး ပျောက်ကွယ်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်းမျိုးစိတ်ပေါင်း တစ်သန်းခန့်သည် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ကမ္ဘာ့ရေဝပ်ဒေသများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ရာစုနှစ်အတွင်း ပျက်စီးဆုံးရှုံးခဲ့သည်။

ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုများသည် သဘာဝတရားက ဖြည့်ဆည်းပေးစွမ်းနိုင်သောပမာဏ၊ အကန့်အသတ်ထက် ပိုမိုများပြားလာပါက ကျန်းမာရေးနှင့် အစားအစာစနစ်များ ပျက်စီးဆုံးရှုံးနိုင်ပြီး လူသားများအပေါ် ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှုများ ကျရောက်လာနိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲစနစ်နှင့် ပတ်ဝန်းကျင်ဂေဟစနစ် ပျက်စီးခြင်းကြောင့် လူသားများ၏ သဘာဝအတိုင်း တုံ့ပြန်နိုင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပြန်လည်နိုးထကောင်းမွန်လာစေမှုဆိုင်ရာ စွမ်းဆောင်ရည်များပါ လျော့နည်းဆုံးရှုံးလာပြီး ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ကြရသည်။

**ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး**
**ကြိုးပမ်းဆောင်ရွက်မှုများ**

သစ်တောဂေဟစနစ်များသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အခြေခံအကျဆုံးဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး၊ ကမ်းရိုးတန်းဒီရေတောဂေဟစနစ်များ၊ တောင်ကုန်းတောင်ထိပ် တောကျဲပါးသော နေရာများနှင့် လမ်းဘေးဝဲယာအရိပ်ရစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ အပါအဝင် သစ်တောစိုက်ခင်းအမျိုးမျိုးကို နိုင်ငံတစ်ဝန်း အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ထောင်စိုက်ပျိုးလျက်ရှိသည်။ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်ထိ ကြိုးဝိုင်းတော ဧက ၂၉ ဒသမ ၆၈ သန်း၊ ကြိုးပြင်ကာကွယ်တော ဧက ၁၃ ဒသမ ၉၈ သန်း စုစုပေါင်း ဧက ၄၃ ဒသမ ၆၆ သန်း (၂၆ ဒသမ ၁၁ ရာခိုင်နှုန်း) ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ ဧရိယာဧက ၁၁ ဒသမ ၀၂ သန်း (၆ ဒသမ ၅၉ ရာခိုင်နှုန်း) ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များ နေရင်းဒေသပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၉-၂၀၂၉) ကို အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများအပေါ် ခြိမ်းခြောက်မှုများကို စောင့်ကြည့်အစီရင်ခံတင်ပြနိုင်မည့် ဒေသခံပြည်သူအခြေပြု စောင့်ကြည့်သတင်းပို့စနစ်ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းများကို ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (United Nations Convention on Biological Diversity-UNCBD) နှင့် ၂၀၂၂ ခုနှစ်တွင် အတည်ပြုခဲ့သော ကူမင်း-မွန်ထရီယယ် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ မူဘောင် (Kunming-Montreal Global Biodiversity Framework-KMGBF)ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ကမ္ဘာ့ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းဖို့**
**ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့**

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ လူတိုင်း၏ နေ့စဉ်ဘဝ၊ အိမ်ထောင်စုတစ်စုချင်းဆီမှစတင်ပြီး မိမိတို့ရပ်ရွာ၊ ဒေသတွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံအတွက်သာမက ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်တည်ငြိမ်မှု၊ ရာသီဥတုမျှတမှု၊ စားရေရိက္ခာဖူလုံရေးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက် ကြီးမားသော အကျိုးသက်ရောက်မှုများဖြစ်စေမည်ဖြစ်သည်။

ဥပမာ မိသားစုအလိုက် သစ်ပင်တစ်အုပ်တစ်မ စိုက်ပျိုးထိန်းသိမ်းခြင်း၊ အရိပ်ရပင်လေကာပင်များ စိုက်ပျိုးခြင်း၊ ကျေးငှက်များ၏ နားခိုရာ၊ အစာရှာရာ စားပင်သီးပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ဒေသအလိုက်ရှားပါးအဖိုးတန်သည့် ဆေးဖက်ဝင်ပင်အမျိုးမျိုး၊ သစ်ခွအမျိုးမျိုး၊ ဒေသမျိုးရင်း ပန်းပင်အမျိုးမျိုးတို့ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထိန်းသိမ်းခြင်း၊ ဒေသမျိုးရင်း ကောက်ပဲသီးနှံများနှင့် သီးပင်စားပင်မျိုးစိတ်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးရွာအလိုက် သစ်တောများထိန်းသိမ်းခြင်း၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ၊ ငါး၊ ပုစွန်၊ ကဏန်းတို့၏ နေရင်းဒေသဖြစ်သော ရေဝပ်ဒေသများထိန်းသိမ်းခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

တစ်ဦးတစ်ယောက်ချင်းစီက မိမိတို့၏ ရပ်ရွာအဆင့်၊ ဒေသအဆင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေးတွင် ပါဝင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# မြေပဒေသာဥယျာဉ်ခြံ၌ မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆ ကျင်းပ



**ရန်ကုန် မေ ၁၉**

"မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆" ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် မြေပဒေသာ ဥယျာဉ်ခြံ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ စီးပွားရေးသံမှူးများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အရည်အသွေး၊ အနံ့အရသာနှင့် အထွက်နှုန်းကောင်းသော ဈေးကွက်ဝင် မြန်မာ့ဒူးရင်းမျိုးများ ရွေးချယ်ဖော်ထုတ်ရန်နှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဒူးရင်းအသင်း ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စိုက်ပျိုးထုတ်လုပ်သူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ သုတေသနပညာရှင်များ၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်သောလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သည့် ကွန်ရက်တစ်ခုဖော်ဆောင်ရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒူးရင်းသီးနှံပြခန်းများကို ကြည့်ရှုအားပေးပြီး အရည်အသွေး အနံ့အရသာနှင့် အထွက်နှုန်းကောင်းသော ဈေးကွက်ဝင် ဒူးရင်းမျိုးများကို ရွေးချယ်အကဲဖြတ်အမှတ်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ဘာသာစကားပြော HSK–1 နှင့် HSK–3 သင်တန်း ဖွင့်ပွဲကျင်းပ





**နေပြည်တော် မေ ၁၉**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ဖွင့်လှစ်သော တရုတ်ဘာသာစကားပြော HSK–1 နှင့် HSK – 3 သင်တန်းများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားရာ၌ တရုတ်ဘာသာစကားသင်တန်းဖွင့်လှစ်ခဲ့ခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၃) ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကာ အွန်လိုင်းနှင့် In Person စနစ်နှစ်မျိုးဖြင့် ထိရောက်စွာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်အကြိမ်များထက် ထူးခြားချက်အနေဖြင့် ယခုသင်တန်းတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင် (Tourist Police) များပါ တက်ရောက်ကြခြင်းကြောင့် သင်တန်းဖွင့်လှစ်ရခြင်းသည် ပိုမိုအနှစ်သာရရှိပြီး ကောင်းမွန်လေးနက်သည့် အသွင်သဏ္ဌာန်ကို ဆောင်ကြဉ်းပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်းဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဒေါက်တာစက်တီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လက်ရှိသင်တန်းဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေများ၊ သင်တန်းဆက်လက်ဖွင့်လှစ်ပို့ချဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် တရုတ်ဘာသာစကားသင်တန်းများတွင် HSK–1 သင်တန်းအတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ဝင် ငါးဦးအပါအဝင် သင်တန်းသား ၇၃ ဦးနှင့် HSK–3 သင်တန်းအတွက် သင်တန်းသား ၂၂ ဦး စုစုပေါင်း သင်တန်းသား ၉၅ ဦး ပါဝင်တက်ရောက်ကြပြီး သင်တန်းကာလရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးမြို့၌ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (GAP) ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ရေးဆွေးနွေးပွဲ ကျင်းပ

**မကွေး မေ ၁၉**

စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (Good Agricultural Practices– GAP) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် GAP စနစ်နှင့် GAP အသိအမှတ်ပြုလက်မှတ် လျှောက်ထားရယူနိုင်သည့် နည်းလမ်းများ ၊ GAP စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များကို တောင်သူများအား ထုတ်ချေးပေးမည့် ချေးငွေအစီအစဉ်သစ်ကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြပြီး GAP စနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအား အကျိုးတူဆောင်ရွက်သည့် ကုမ္ပဏီမှ သွင်းအားစုများ ပေးအပ်ခဲ့သည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပဲခူးဇုန်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအား ကြိုဆို

**ပဲခူး မေ ၁၉**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပဲခူးဇုန်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများအား ကြိုဆိုသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြား၍ ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ အုပ်စု(ခ)ပဲခူးဇုန်အုပ်စုပတ်လည်ပွဲစဉ်များကို မေ ၁၉ ရက်မှ ၂၆ ရက်အထိ ပဲခူးတိုင်းဒေသကြီး အားကစားဥယျာဉ်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအသင်း၊ နေပြည်တော်အသင်း၊ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သရက်ကွင်းကျေးရွာအနီး ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သတ်မှတ်ဒီဇိုင်းပုံစံများနှင့်အညီ အရည်အသွေး ကောင်းမွန်စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ မိုးမကျမီကာလတွင် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်များအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့် စက်ယန္တရားများ ထပ်မံဖြည့်ဆည်း၍ နေ့ညမပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဆင်သေရေသောက်စနစ် လက်ယာမြောင်းမကြီး တစ်လျှောက်၊ လက်ယာ မြောင်းမကြီး၏ လက်တံ (၂) မြောင်းနှင့် လက်ဝဲမြောင်းမကြီး၏ တိုက်ရိုက်လက်တံမြောင်း (၁) အဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် နွေသီးနှံရာသီတွင် နွေစပါး ၈၄၈၈ ဧက၊ နွေအခြားသီးနှံ ၁၂၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ အဆိုပါ စိုက်ဧကများအား အောင်ရေလုံလောက်သည်အထိ စိုက်ပျိုးရေ ဆက်လက် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းဖွင့်ရာသီဝယ် ကျောင်းအပ်ကြမည်၊ ကျောင်းတက်ကြမည်

**နွေရာသီကျောင်းပိတ်ရက်များ ကုန်ဆုံးပြီး မကြာမီကျောင်းများ ဖွင့်တော့မည်။ နှစ်စဉ်ဇွန်လတွင် ကျောင်းများ ဖွင့်လှစ်လေ့ရှိသည်။ ကျောင်းဖွင့်ရက်မတိုင်မီ ကျောင်းအပ်နှံရေး သီတင်းပတ်သတ်မှတ်ကာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေး အသိပေးလှုံ့ဆော်ကြတော့မည်။**

*ကေကေ*

> **“ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့် တည်ဆောက်ကြရသည်။ ဆင်ခြင်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေးပြည့်စုံသော ပညာတတ်များဖြင့် တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ သို့အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ မူလတန်းအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေး၊ ကျောင်းသား ကျောင်းသူအားလုံး အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ ကျောင်းဝင်နှုန်းတိုးမြှင့်ပြီး တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးနှင့် ကျောင်းထွက်မှုနှုန်း လျော့နည်းကျဆင်းရေးတို့ကို ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ”**

မိဘများက သားသမီးများ၏ အတန်းသစ်ပညာရေးအတွက် လိုအပ်သည့် လွယ်အိတ်၊ စာအုပ်၊ စာရေးကိရိယာအပါအဝင် ကျောင်းဝတ်စုံ၊ ရေဘူး၊ မုန့်ဘူး၊ ထမင်းချိုင့် စသဖြင့် လိုအပ်သည်များကို ကြိုတင်စီစဉ်ကြသည်။ ဆရာ ဆရာမများကလည်း အခြေခံပညာကျောင်းအလိုက် ကျောင်းအပ်လက်ခံနိုင်ရေး၊ စာသင်ခန်းများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုအခန်းများ အဆင်သင့်ဖြစ်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့ကို ကြိုတင်ပြင်ဆင်ကြသည်။ ကျောင်းအပ်နှံသည့် ရက်များအတွင်း စာသင်ကျောင်းများနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်လျက်ရှိသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၏ လုံခြုံရေးကို သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ရင်သွေးရတနာ သားသမီးများကို အမိအဖတို့လည်း ပညာတတ်ဖြစ်စေလိုသည်။ ဆရာ ဆရာမများကလည်း တပည့်ကျောင်းသား ကျောင်းသူများကို ပညာတတ် ဖြစ်စေလိုသည်။ နိုင်ငံတော်ကလည်း နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသားတို့၏ ပညာရည်ဖွံ့ဖြိုးမှုတိုးတက်မှုအပေါ် များစွာမှီတည်နေသည့်အတွက် ပညာတတ်များစွာ ပြုစုပျိုးထောင်ပေးလိုသည်။ ထို့ကြောင့် နှစ်စဉ် ကျောင်းဖွင့်ရာသီရောက်တိုင်း ကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူတိုင်း စာသင်ခန်းများဆီ ရောက်ရှိရေး၊ သင်ယူမှုအခွင့်အလမ်း အဆင်ပြေချောမွေ့စေရေး အားလုံး ဝိုင်းဝန်းကြိုးပမ်းကြသည်။

အခြေခံပညာသည် သင်ကြားသင်ယူမှု အခွင့်အလမ်းအားလုံး၏ အဦးအစဖြစ်သည်။ တစ်မျိုးသားလုံး ပညာရည် မြင့်မားအောင် ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် ပဓာနကျသည်။ အခြေခံပညာသင်ကြားခြင်းက ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ဘဝတစ်သက်တာအတွက် အခြေခံအုတ်မြစ် တည်ဆောက်ခြင်းဖြစ်သည်။ ငယ်စဉ်အခါ ပညာရှာကြရမည်။

**“မောင်ငယ်ရင်သွေး၊ နာဘိသေးလော့၊ ရှေးသရောအခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်၊ သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ၊ အိမ်မှာနေ၍၊ စာပေမကျ၊ မိဘစုတေ့၊ ခန္ဓာရွေ့သော်၊ အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ၊ မသိပါငြား၊ သူဌေးသားသည် သိုထားမတတ်၊ အရပ်ရပ်၌၊ နှံအပ်ဥစ္စာ၊ ရှိသည့်ငှာကို၊ များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ၊ ယူ၍ ပြေးရှောင်း၊ အိမ်ကို ရောင်း၍၊ ထောင်းထောင်းကြေလျက်၊ ခွက်လက်ဆွဲကာ၊ တောင်းစားပါလည်း၊ နင်သာ လူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကျ၊ ရွာမှ ထွက်လေ၊ တောမှာသေသည်၊ ကောင်သေ လင်းတကျ၏တည်း”** ဟူသည့် ဆားတုံဆရာတော်၏ ကဗျာက ပညာ၏ အခန်းကဏ္ဍကို ထောက်ညွှန်ပြသည်။

မှန်ကန်စွာ စဉ်းစားတွေးခေါ် လုပ်ကိုင်နိုင်ခြင်း မရှိခဲ့သည့်အတွက် ကုဋေကြွယ် သူဌေးသားသည် ဘဝနိဂုံး အဆုံး မလှခဲ့ပါ။ ကုဋေကြွယ် သူဌေးသားကို ပုံပမာပြု လေ့လာသည့်အခါ ပညာသင်ယူရမည့် အချိန်တွင် ပညာမသင်ယူခဲ့ခြင်းက သူ့အတွက် ကြီးစွာသော အမှားဖြစ်ခဲ့သည်။ နှောင်းလူတို့ မမှားရအောင်ထောက်ပြဆုံးမရသည့်ဘဝတစ်ခု၊ သင်ခန်းစာတစ်ခုဖြစ်ခဲ့သည်။ ယနေ့လူမှုပတ်ဝန်းကျင်၌ ပညာသင်ယူရမည့်အချိန်တွင် ပညာကို ကောင်းစွာ မသင်ယူသည့် ကျောင်းသား ကျောင်းသူ လူငယ်များကို အချိန်မလွန်ခင် ကုဋေကြွယ်သူဌေးသားကို သင်ခန်းစာ ယူစေလိုပါသည်။

**“အများယောင်၍ လိုက်ယောင်၊ အမောင်တောင်မှန်းမြောက်မှန်းမသိ”**မဖြစ်ရန် အရေးကြီးသည်။ လူမှုဘဝအတွက် မည်သည့်အရာက မှန်သည်၊ မှားသည်၊ မည်သည့်အရာကို လုပ်သင့်သည်၊ မလုပ်သင့်သည်ကို မိမိကိုယ်တိုင် စဉ်းစားဝေဖန်နိုင်စွမ်းရှိရန် လိုအပ်သည်။ မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်နိုင်စွမ်း၊ လုပ်ကိုင်နိုင်စွမ်းရှိပါမှ ဘဝအတွက် တိုးတက်ရာ တိုးတက်လမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများကို မိမိရရ ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။

အတန်းပညာက မှန်ကန်စွာ စဉ်းစားတွေးခေါ်တတ်စေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး ထိုအသိကို အခြေခံထားသည့် အတတ်ပညာက လက်တွေ့အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ဖန်တီးပေးသည်။ အားနည်းသော အတန်းပညာဖြင့် မြင့်မားသည့် အတတ်ပညာကို လွယ်ကူစွာ မရရှိနိုင်ပါ။

ထို့ကြောင့် အတန်းပညာ သင်ယူရမည့် ကျောင်းနေအရွယ်အားလုံးကို အတန်းပညာစနစ်တကျ လေ့လာဆည်းပူးနိုင်ရေးကို နိုင်ငံတော်အစိုးရက အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပေးထားသည်။ KG+9 အထိ မသင်မနေရ ပညာရေးစနစ်အဖြစ် ပြောင်းလဲခဲ့သည်။ ကျောင်းဖွင့်ရာသီရောက်တိုင်း ကျောင်းသုံးပြဋ္ဌာန်း ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံနှင့် ဘောပင်များကို အခမဲ့ဖြန့်ဝေပေးသည်။ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများကိုပါ အခမဲ့ဖြန့်ဝေပေးသည်။

ထို့ပြင် အလယ်တန်းပညာပြီးမြောက်ပြီးသူများကို စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ထို့အတူ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ ဆရာ ဆရာမများ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ခြင်းတို့အတွက် ပညာရေး အသုံးစရိတ်များကို နှစ်စဉ်တိုးတက်ခွင့်ပြုပေးလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနရှိ သင်ကြားရေးဝန်ထမ်းများ၊ ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဝန်ထမ်းများအတွက် သင်ကြားမှုဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်၍ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတက **“လူနည်းစု၏ အဆင့်မြင့်ပညာရေး”** မှသည် **“လူအများစု၏ အရည်အသွေးမြင့် ပညာရေး”**ဆီသို့ ကူးပြောင်းနိုင်ရန် လမ်းညွှန်ထားသည်။ ထို့ပြင် နိုင်ငံတော်သမ္မတက လက်ရှိဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုမည်ဖြစ်ကြောင်း ဧပြီ ၂၀ ရက် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့အတူ နိုင်ငံတော်သမ္မတက ၎င်း၏ အစိုးရအဖွဲ့အား ငါးနှစ်တာကာလအတွင်း နိုင်ငံတော်ဘဏ္ဍာငွေ၏ ၂၀ ရာခိုင်နှုန်းကို ပညာရေးတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားရန် လမ်းညွှန်မှုက မြန်မာ့ပညာရေးကဏ္ဍအတွက် အားတစ်ခုဖြစ်ခဲ့သည်။ ထို့အတူ ပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်သွားကြရန်လည်း မှာကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အတူ ပညာရေးဝန်ကြီးဌာနက နိုင်ငံသားတိုင်း အခြေခံပညာသင်ယူ ပြီးမြောက်စေရေးအတွက် လူတိုင်း ပညာသင်ကြားခွင့်ရရှိရေးနှင့် လူတိုင်း အကျုံးဝင်ပညာရေးတို့ကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အခြေခံပညာကျောင်းများတွင် အတွေးအခေါ်ပိုင်း၊ အတတ်ပညာပိုင်း ဦးစားပေးသည့် စနစ်သစ်အခြေခံပညာရေးသင်ခန်းစာများကို ဆွေးနွေးသင်ကြားပေးလျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်ခြင်း/အုပ်စုဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ နိုင်ငံသားကောင်း စိတ်ဓာတ်ရှိခြင်း စသည့်ကျွမ်းကျင်မှုများ ရရှိအောင် သင်ကြားပေးလျက်ရှိသည်။

ထို့အတူ ဗလငါးတန်နှင့် ပြည့်စုံသော၊ နိုင်ငံတော်ကအားကိုးအားထားပြုရသော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးသည့် အစီအစဉ်များစွာကို ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဖြစ်သည်။ စည်းကမ်းလိုက်နာခြင်းသည် မွေးရာပါ ဗီဇမဟုတ်ပါ။ လေ့ကျင့်သင်ယူရသည်။ စည်းကမ်းရှိသူ၊ တာဝန်သိသူ နိုင်ငံသားပြည်သူတစ်ဦး ဖြစ်လာစေရန် စာသင်ကျောင်းများတွင် ကျောင်းစည်းကမ်းများကို လေးစားလိုက်နာရင်း အတန်းပညာ လေ့လာသင်ယူရေးသည်လည်း အရေးကြီးသည်။ မိမိစာသင်ခန်းအတွင်း၊ မိမိကျောင်းဝင်းအတွင်း အမှိုက်ပစ်ခြင်း၊ စာသင်ခုံများအပေါ်တွင် ရေးခြစ်ခြင်းကဲ့သို့ ကျောင်းစည်းကမ်းများကို လေးစားလိုက်နာခြင်းမှ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သော အလေ့အကျင့်ကောင်းများရှိသည့် နိုင်ငံသားများ ဖြစ်လာစေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့် တည်ဆောက်ကြရသည်။ ဆင်ခြင်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေး ပြည့်စုံသော ပညာတတ်များဖြင့် တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ သို့အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ မူလတန်းအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေး၊ ကျောင်းသား ကျောင်းသူအားလုံး အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရေး၊ ကျောင်းဝင်နှုန်းတိုးမြှင့်ပြီး တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးနှင့် ကျောင်းထွက်မှုနှုန်း လျော့နည်းကျဆင်းရေးတို့ကို ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံး၌ အာမခံအလုပ်သမား အကျိုးခံစားခွင့်ထုတ်ပေး

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ကျန်ရစ်သူ အကျိုးခံစားခွင့်နှင့်ဆိုင်သည့် ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယနေ့နံနက်က ပြည်နယ်စည်ပင်သာယာရေးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့ ရှမ်းပြည်နယ်တာဝန်ခံက မြို့နယ်စည်ပင်သာယာရေးဌာနမှ ဦးဝင်းမြင့်သိန်း၏ မိခင်ဖြစ်သူထံသို့ အကျိုးခံစားခွင့် ငွေကျပ် ၁၁၈၈၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဦးမောင်မောင်လွင်၏ နာရေးစရိတ် ငွေကျပ် ၇၂၀၀၀၀၊ ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာနမှ ဦးမင်းစိုးလှိုင်၏ နာရေးစရိတ် ငွေကျပ် ၁၀၈၀၀၀၀ နှင့် မြန်မာ့သစ်လုပ်ငန်းမှ အာမခံအလုပ်သမား ဒေါ်သန်းသန်းအေး၏ နာရေးစရိတ်ငွေကျပ် ၉၉၀၀၀၀ တို့ကို ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**


**အပူဒဏ်အန္တရာယ် ကာကွယ်ရေး**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍လေဝင်လေထွက် ကောင်းသောနေရာများတွင် နားနေပါ။



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၁၉

**ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဘားအံပညာရေးဒီဂရီကောလိပ်ရှိ (၁၇၉ပေ x ၃၆ပေ) သင်တန်းသူ ၂၀၀ ဆံ့ လေးထပ် RC အိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ကောလိပ်အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေရှိ (၆)ခန်းတွဲ(၃) ထပ် (၁၁၄ပေ x ၄၀ပေ) ဆရာ ဆရာမ အိမ်ရာတည်ဆောက်ခြင်း လုပ်ငန်း ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာနှင့် အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အိန္ဒုမွန်ကျောင်းကြီး၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၁၄) ကြိမ်မြောက် နွေရာသီ ရာမညနိကာယ မွန်စာပေနှင့် ဗုဒ္ဓယဉ်ကျေးမှု ဆုပေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုပေးပွဲအတွက် ငွေကျပ်သိန်း ၃၀၀ အား အိန္ဒုမွန်ကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## မိုင်းဆတ်မြို့၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်



မိုင်းဆတ် မေ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ မြို့နယ်အဆင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း(BDMC)ဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါသင်တန်းသို့သင်တန်းသား ၃၀ တက်ရောက်ပြီးသင်တန်းကာလမှာ မေ ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## နန်းယွန်းမြို့နယ်၌ ကောင်းမွန်သော တိုင်းရင်းကြက်မွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်

လဟယ် မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် နားလုံကျေးရွာ၌ ကောင်းမွန်သော တိုင်းရင်းကြက်မွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်က အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး နာဂဒေသမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဝက် အကောင် ၂၀ နှင့် ဒေသကြက် အကောင် ၁၀၀ တို့ကို ပြည်သူများထံ ထောက်ပံ့ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး၊ ဘူရွန်ဒီနိုင်ငံသား ငါးဦး၊ ကင်ညာနိုင်ငံသား ငါးဦး၊ ယူဂန်ဒါနိုင်ငံသား သုံးဦးနှင့် သီရိလင်္ကာနိုင်ငံသား သုံးဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၁ ဦးတို့အား မြန်မာ – ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံး၊ Assistance to Nationals/ Distressed Overseas Filipino Workers(OFWs) Unit မှ Case Officer and Interpreter(ENG/TH/PH) Ms. Maria Alexandra G. Contreras “Sandy” နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၉ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသား အားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၄၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၄၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တောင်ငူမြို့နယ်၌ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ စုပေါင်းကြဲပက်

တောင်ငူ မေ ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲ အခမ်းအနားကို ဇီးပင်သာကျေးရွာ ကွင်းအမှတ် (၅၆၁) ရှိ တောင်သူဦးအုန်းကြိုင်၏ လယ်မြေငါးဧကနှင့် ဆက်စပ် ၁၅ ဧကတွင်ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက တောင်သူလယ်သမားများနှင့်စုပေါင်း၍ မျိုးစေ့များ ကြဲပက်စိုက်ပျိုးပေးကြသည်။



အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)သည် မြေနေရာမရွေး စိုက်ပျိုးဖြစ်ထွန်းပြီး မြေတွင်းအာဟာရဓာတ်ကြွယ်ဝစေ၍ မြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှု ကာကွယ်ပေးခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်စေခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့နည်း၍ ကုန်ကျစရိတ်သက်သာခြင်းနှင့် လျှော်အဖြစ် အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

# စွမ်းအင်ဖူလုံရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် ဂျပန်နှင့် တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မည်

**ဆိုးလ် မေ ၁၉**

ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနာအဲနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့သည် မေ ၁၉ ရက်က တောင်ကိုရီးယားနိုင်ငံ၌ ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်း စွမ်းအင်အရင်းအမြစ်ဖူလုံရေးအတွက် ပူးတွဲဆောင်ရွက်သွားရန် သဘောတူခဲ့ကြသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးကို သမ္မတ လီဂျေမြောင်၏ မွေးရပ်မြေဖြစ်သော အန်ဒေါင်းမြို့တွင် ကျင်းပခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ယခုနှစ် ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံ၌ နောက်ဆုံးအကြိမ်တွေ့ဆုံထားကြောင်း သိရသည်။

အစည်းအဝေးအတွင်း တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အကြား ခိုင်မာအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နိုင်ငံတကာစိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း လီဂျေမြောင်က ပြောကြားခဲ့သည်။ တာကာအိချီ ဆာနာအဲကလည်း အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကိုကြည့်လျှင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ခက်ခဲသည့် အချိန်ကာလတစ်ခုနှင့် ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ရရှိထားသည့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းသွားရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးသည် အရှေ့အလယ်ပိုင်းဒေသအတွင်း တင်းမာမှုများ လျှော့ချရန်နှင့် ဟော်မုဇ်ရေလက်ကြား၌ သင်္ဘောများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်ဝန်ကြီးချုပ် တာကာအိချီဆာနာအဲနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်။

# ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန် ပြင်သစ်ထုတ် တိုက်လေယာဉ်များ အင်ဒိုနီးရှား ဝယ်ယူ

**ဂျကာတာ မေ ၁၉**

ကာကွယ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ရန် အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံမှ တိုက်လေယာဉ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများကို ဝယ်ယူထားသည်။ ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများ မြင့်တက်လာနေချိန်တွင် အင်ဒိုနီးရှားအစိုးရသည် စစ်လက်နက်ပစ္စည်းများကို အရင်းအမြစ်မျိုးစုံမှ ဝယ်ယူလျက်ရှိပြီး မြို့တော်ရှိ လေတပ်အခြေစိုက်စခန်းတွင် စစ်လက်နက်ပစ္စည်းလွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံမှ ယခုအချိန်အထိ အဆင့်မြင့်တိုက်လေယာဉ် ခြောက်စင်းကို ဝယ်ယူထားပြီး နောက်ထပ် ၃၆ စင်းအထိ ဝယ်ယူရန် စီစဉ်ထားသည်။

ပြင်သစ် Rafale တိုက်လေယာဉ်များသည် ဝေဟင်တွင် ပစ်မှတ်မလွဲအောင် ပစ်ခတ်တိုက်ခိုက်နိုင်ခြင်း၊ ထောက်လှမ်းစောင့်ကြည့်နိုင်ခြင်းနှင့် သင်္ဘောများကို တိုက်ခိုက်နိုင်ခြင်း စသည့် စွမ်းဆောင်ရည် မျိုးစုံရှိသဖြင့် နာမည်ကျော်ကြားသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက စစ်လက်နက်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ယခုကဲ့သို့ နိုင်ငံ၏ စစ်ရေးစွမ်းပကားကို မြှင့်တင်နိုင်ခြင်းသည် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခြင်းပင် ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကျူးကျော်ရန်စမှုကို တားဆီးနိုင်ရန် မိမိတို့၏ စစ်ရေးစွမ်းပကားကို ဆက်လက်မြှင့်တင်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။




ပရာဘိုဝိုသည် ယခင်က စစ်ဘက်ရေးရာ အရာရှိတစ်ဦးဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယနေ့ ကမ္ဘာ့ပထဝီနိုင်ငံရေး အခြေအနေ မတည်ငြိမ်မှုများကြောင့် နိုင်ငံ့လုံခြုံရေးကို မြှင့်တင်ရခြင်းဖြစ်ကြောင်း ပရာဘိုဝိုက ပြောကြားခဲ့သည်။

ထို့အပြင် ပရာဘိုဝိုသည် ယခုလနှောင်းပိုင်းတွင် ပြင်သစ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိလာ

**ထိရောက်သည့်ကာကွယ်ဆေး မရှိသော အီဘိုလာဘွန်ဒီဘူဂျိုမျိုးကွဲ လူနာများတွင် စစ်ဆေးတွေ့ရှိ**

**ကင်ရှာဆာ မေ ၁၉**


ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်မှုများကြောင့် သေဆုံးသူ ၁၀၀ ထက်မနည်းရှိလာကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံတွင် အီဘိုလာရောဂါသံသယလူနာ ၃၉၀ ကျော်ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ထုတ်ပြန်ထားသည်။ ကွန်ဂိုနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အီတူရီပြည်နယ်တွင် အီဘိုလာရောဂါကူးစက်မှုဖြစ်ပွားနေသည်ကို အတည်ပြုထားသည်။ ထပ်မံအတည်ပြုတွေ့ရှိရသည့် ကူးစက်ခံရသူများအနက် အမေရိကန်ဆရာဝန်တစ်ဦးလည်း ပါဝင်ကြောင်း ကွန်ဂိုတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြထားသည်။

အိမ်နီးချင်း ယူဂန်ဒါနိုင်ငံတွင်လည်း အီဘိုလာရောဂါကူးစက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ထို့ပြင် ထိရောက်သည့်ကာကွယ်ဆေး မရှိသေးသော အီဘိုလာဘွန်ဒီဘူဂျို မျိုးကွဲကို လူနာများတွင် စစ်ဆေးတွေ့ရှိထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အီဘိုလာရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စိုးရိမ်သင့်လားဟု မေ ၁၈ ရက်တွင် သတင်းထောက်တစ်ဦးက သမ္မတဒေါ်နယ်ထရမ့်ကို မေးမြန်းခဲ့ရာတွင် ထရမ့်က စိုးရိမ်သင့်ကြောင်း၊ ယခုလတ်တလောတွင် အာဖရိကတိုက်အတွင်း ကန့်သတ်ဖြစ်ပွားနေသေးသော်လည်း အခြားသော ဒေသများအထိ ကူးစက်ပျံ့နှံ့နိုင်သည့် ရောဂါမျိုးဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ လွန်ခဲ့သည့် ၂၁ ရက်အတွင်း ကွန်ဂို၊ ယူဂန်ဒါနှင့် တောင်အာဖရိကနိုင်ငံတို့သို့ ခရီးသွားဖူးသော နိုင်ငံခြားသားများကို နိုင်ငံအတွင်း ဝင်ရောက်ခွင့် ပိတ်ပင်ထားသည်။

**အင်န်အိတ်ချ်ကေ**




# အိန္ဒိယနိုင်ငံ၌ ယခုသီတင်းပတ်အတွင်း အလွန်ပြင်းထန်သည့် အပူလှိုင်းကျရောက်နိုင်

**နယူးဒေလီ မေ ၁၉**

ယခုသီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်း လွင်ပြင်ဒေသများတွင် ပုံမှန်အပူလှိုင်းမှ အလွန်ပြင်းထန်သည့် အပူလှိုင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက မေ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**အပူချိန်ထပ်မံမြင့်တက်နိုင်**

မိုးလေဝသကြိုတင်ခန့်မှန်းရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ မေ ၂၄ ရက်အထိ အိန္ဒိယအနောက်မြောက်ပိုင်းဒေသများတွင် အမြင့်ဆုံးအပူချိန်သည် နောက်ထပ် ၂ ဒီဂရီဆဲလ်စီးယပ်မှ ၃ ဒီဂရီဆဲလ်စီးယပ်အထိ တဖြည်းဖြည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။ ချက်တီဂါးဒ်ဒေသတွင်မူ မေ ၂၁ ရက်အထိ အပူချိန်သည် ၃ ဒီဂရီဆဲလ်စီးယပ်မှ ၄ ဒီဂရီဆဲလ်စီးယပ်အထိ ထပ်မံမြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။

**အဝါရောင်အဆင့်ရောက်ရှိနိုင်**

မြို့တော်ဒေလီအတွက် နောက်သုံးရက်အတွင်း အပူလှိုင်းအခြေအနေသည် အဝါရောင်အဆင့်သို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး မြို့တော်အတွင်း အချို့နေရာများတွင် နေ့အပူချိန်များ ထပ်မံမြင့်တက်နိုင်ကြောင်းလည်း သိရသည်။

မေ ၁၉ ရက်တွင် နယူးဒေလီ၏ အမြင့်ဆုံးအပူချိန်သည် ၄၃ ဒီဂရီဆဲလ်စီးယပ်မှ ၄၅ ဒီဂရီဆဲလ်စီးယပ်အထိရှိနိုင်ပြီး အနိမ့်ဆုံး အပူချိန်မှာ ၂၈ ဒီဂရီဆဲလ်စီးယပ်ခန့်ရှိနိုင်ကြောင်း All India Radio က မိုးလေဝသဌာန၏ ဖော်ပြချက်ကို ကိုးကား၍ ထုတ်ပြန်ခဲ့သည်။

**နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှု ရှောင်ရှားရန် သတိပေးနှိုးဆော်**

အပူလှိုင်းကျရောက်သည့် ဒေသများတွင် နေထိုင်သူများအနေဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန်နှင့် ပြင်းထန်သည့် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ရှားရန် မိုးလေဝသဌာနက သတိပေး နှိုးဆော်ထားသည်။

**ဆင်ဟွာ**

# ဘီဟာပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း မီးလောင်မှုဖြစ်ပွား

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် ခရီးသည်တင်ရထားတစ်စင်း ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

ခရီးသည်တင်ရထား၏ ရထားတွဲတစ်တွဲတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်မှာ ဘီဟာပြည်နယ် မြို့တော်ပတ်နာ၏ အနောက်ဘက် ၁၅၇ ကီလိုမီတာခန့်အကွာရှိ ဆာဆာရမ်ဘူတာရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် စကြံပလက်ဖောင်းပေါ်ရှိ ခရီးသည်များ အထိတ်တလန့်ဖြစ်ပွားခဲ့သည်။ ကနဦး စုံစမ်းစစ်ဆေးမှုများအရ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပွားမှုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

❁ *ကျောဖုံးမှ*

ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ်သိန်း ၂၉၀ စုစုပေါင်း ဆုကြေးငွေကျပ် ၉၄၆ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။



ယနေ့အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်မှ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး လေးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားကိုးဦး၊ အမျိုးသမီး တစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား လေးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး တစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ငါးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသားတစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး တစ်ဦး၊ စဉ့်ကူးမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား ၄၇ ဦး၊ အမျိုးသမီးနှစ်ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား လေးဦး၊ တောင်သာမြို့နယ်မှ အမျိုးသားတစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား ရှစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၃ ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား သုံးဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသားတစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသား သုံးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား ငါးဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ နတ်မောက်မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး လေးဦး၊ ပဒါန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငဖဲမြို့နယ်မှ အမျိုးသားနှစ်ဦး ပေါင်းအမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၃၁၂ ဦး ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်မ ဒီအကြမ်းဖက်အဖွဲ့အစည်းကို ရောက်သွားတဲ့အကြောင်းရင်းကတော့ ကျွန်မမိဘတွေက ဆင်းရဲတဲ့အခါကျတော့ အလုပ်ရှာရမှာမို့လို့ပါ။ အလုပ်ရှာသွားတော့ သူငယ်ချင်းတွေနဲ့ တွေ့ပါတယ်။ သူငယ်ချင်းတွေက ဟိုမှာအလုပ်လုပ်ရင် အဆင်ပြေတယ်။ အလုပ်လုပ်ရင် အေးဆေးပဲ၊ လစာကောင်းတယ်ဆိုလို့ ကျွန်မလိုက်သွားဖြစ်ပါတယ်။ အချင်းချင်း ညှဉ်းပန်းနှိပ်စက်မှုတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ထွက်ပြေးဖို့ ကြိုးစားတဲ့သူတွေလည်း ညှဉ်းပန်းနှိပ်စက်ပါတယ်။ တချို့တွေဆို သတ်ပစ်တယ်လို့ ထင်ရပါတယ်။ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ အဲဒါကြောင့် ကျွန်မတို့တောင် သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့ပါတယ်။ သင်တန်းကာလမှာလည်း အသက်မပြည့်သေးတဲ့ ကလေး၊ မောင်ငယ်၊ ညီမငယ်တွေကို အများကြီးတွေ့ခဲ့ရပါတယ်။ တချို့










မိန်းကလေးတွေဆိုရင် တခြား အဖွဲ့အစည်းမှာ ရောင်းစားခံရတာမျိုးလည်း တွေ့ရပါတယ်။ ရန်ပုံငွေရှာဖွေရေးဆိုပြီး အဖွဲ့ဖွဲ့ပြီးတော့ ရန်ပုံငွေရှာခိုင်းပါတယ်။ ရန်ပုံငွေရရှိလာတဲ့ ငွေတွေမှန်သမျှကိုလည်း သူတို့မိသားစုကောင်းစားရေးအတွက်နဲ့ အကျိုးအတွက် အသုံးပြုပါတယ်။ ကျွန်မတို့အတွက် ဘာမျှော်လင့်ချက်မှ မရှိပါဘူး။ ဒီအတိုင်းဆက်နေရင် ဘဝက လုံးပါးပါးပြီးတော့ သေရုံပဲရှိပါတော့တယ်။ အဲဒါကြောင့်မို့လို့ သူတို့လုပ်ရပ်တွေနဲ့ စိတ်ဓာတ်တွေကို မကြိုက်လို့ တပ်မတော်မှာ အလင်းလာဝင်ခြင်း ဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းလာဝင်တဲ့အခါကြတော့ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အဲဒါကြောင့် တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကို ပြောချင်ပါတယ်။ တောထဲမှာ ကျန်နေခဲ့တဲ့ သူငယ်ချင်းများအားလုံး ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ စေတနာကိုနားလည်ပြီး အမြင်မှန်အမြန်ဆုံးရပြီးတော့ တပ်မတော်မှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂။ ကျွန်တော် ၂၀၂၄ ခုနှစ် ၈ လပိုင်းမှာ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ခဲ့ပါတယ်။ ကျွန်တော် သင်တန်းတက်နေတဲ့အချိန်မှာ သင်တန်းကာလအတွင်းမှာလည်း ကျွန်တော်တို့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ နေခဲ့ရပါတယ်။ ကြွခိုင်ဖို့ဆိုပြီး ခေါင်းစဉ်ပြပြီးမှ ကျွန်တော်တို့ကို အနိုင်ကျင့်တာမျိုးတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတဲ့အချိန်မှာလည်း ကျွန်တော်တို့ ဒီလမ်းတွေမှာ ဂိတ်တွေဘာတွေ စောင့်ရပါတယ်။ အခွန်ဆိုပြီးမှ ဆက်ကြေးတွေလည်း ကောက်ခဲ့ရပါတယ်။ ရတဲ့အခွန်တွေကိုလည်း သူတို့ရဲ့ မိသားစုအတွက်ပဲ သူတို့ထောက်ပံ့ကြတယ်။ သူတို့ဘာသူတို့ တိုက်တွေဆောက်တယ်။ ကားတွေဝယ်တယ်။ ကျွန်တော်တို့ ရဲဘော်တွေမှာတော့ ချိုင်းထောက်တွေနဲ့ နောက်ပြီး ခြေပြတ်လက်ပြတ်တွေ အများကြီးရှိတယ်။ ကုသမှုစရိတ်တောင်မှ သူတို့ မထုတ်ပေးပါဘူး။ ဒါကြောင့်မို့လို့ အလင်းဝင်ဖို့ ဆုံးဖြတ်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်မယ်လို့ ဆုံးဖြတ်တဲ့အခါမှာလည်း ကျွန်တော်တို့ကို သူတို့ဘက်က အမျိုးမျိုးပြောပါတယ်။ ဝါဒမှိုင်းတွေတိုက်ပါတယ်။ အလင်းဝင်တာ တကယ်မဟုတ်ဘူး။ မင်းတို့ကို သူတို့က မိတာနဲ့ သတ်မှာဆိုပြီး အမြဲတမ်းပြောပါတယ်။ မင်းတို့ မိသားစုတွေနဲ့ တွေ့ရဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ အခုလို ကျွန်တော်တို့ ရောက်လာတဲ့အချိန်မှာကျတော့ အထင်နဲ့အမြင် သူတို့ပြောတာတွေနဲ့ တလွဲစီဖြစ်နေပါတယ်။ ဒီမှာကျွန်တော်တို့ကို မောင်နှမအရင်းအချာလို စောင့်ရှောက်ပေးပါတယ်။ စားရေးသောက်ရေး နေရေးထိုင်ရေးကအစ အကုန်လုံး ကျွန်တော်တို့ကို စောင့်ရှောက်ပေးပါတယ်။ လူချည်းပဲ လာခဲ့ပါ။ ဒီမှာ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ အကုန်ပေးပါတယ်။ ဒါကြောင့်မို့လို့ အခု လက်ရှိတောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေ အပါအဝင်ပေါ့။ တပ်မတော်ကြီးက အလင်းဝင်ခေါ်တာလည်း တကယ်ဟုတ်ပါတယ်။ တကယ်လည်း နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ဒါကြောင့်မို့ အမြန်ဆုံးလာရောက်ပါလို့ ဒီနေရာကနေ ပြောကြားချင်ပါတယ်။

၃။ ကျွန်တော် ဒီအဖွဲ့ထဲကို ဝင်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့နယ်ကို သူတို့ရောက်လာခဲ့တယ်။ ရောက်လာပြီးတော့ မင်းတို့လူငယ်တွေ ဒီအဖွဲ့ကြီးထဲကို ဝင်ရမယ်လို့ ပြောပါတယ်။ ကျွန်တော် အဲ့လိုနဲ့သင်တန်းကို ရောက်ခဲ့ပါတယ်။ သင်တန်းသုံးလ ဆင်းခဲ့ပါတယ်။ သင်တန်းသုံးလမှာလည်း ဗမာတွေဆိုပြီးတော့ နှိမ့်ချတာတွေ အနိုင်ကျင့်တာတွေ၊ အချင်းချင်းနှိပ်စက်မှုတွေ အများကြီးကြုံခဲ့ရတယ်။ စစ်ကြောင်းနဲ့ ချိတ်ဆက်ပြီးတော့ ကျွန်တော်အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အချိန်မှာလည်း တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ကို ညီအစ်ကိုမောင်နှမအရင်းတွေလို သဘောထားတယ်။ ပြီးတော့ ကျွန်တော်တို့ အလင်းဝင်တဲ့ ညီအစ်ကိုတွေ အားလုံးကိုလည်း တစ်စုတစ်စည်းထဲထားတယ်။ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးကို ပြောချင်တာကတော့ အမြန်ဆုံးအလင်းဝင်ရောက်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ နှစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြသည်။

မေ ၂၀ ရက် မွန်းလွဲ ၃ နာရီတွင် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကယားအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ဇုန်(၄)ခု၌ အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို မေ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ (YTC စက်ဘီးလေ့ကျင့်ရေး၊ ပဒေသာ၊ သန်လျင်နှင့် ပဒုမ္မာ) အားကစားကွင်းများတွင် မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

အာဆင်နယ်အသင်းသည် ဘန်လေအသင်း၏ တည်ငြိမ်သောကွင်းလယ်နှင့် မာကျောကျစ်လျစ်သော ခံစစ်ကြောင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ပွဲချိန်တစ်လျှောက် ဘန်လေအသင်းကို ထိန်းချုပ်ကစားကာ ရရှိလာသည့်အခွင့်အရေးကို အမိအရအသုံးချပြီး အရေးပါသည့် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

ဘန်လေအသင်းသည် အာဆင်နယ်အသင်းဘက်သို့ တုံ့ပြန်တိုက်စစ်ဆင်မှု အချို့သာ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့် မတ်အောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသော ဘန်လေအသင်းသည် အာဆင်နယ်ကို ရှုံးနိမ့်ခဲ့သောကြောင့် ပရီမီယာလိဂ်ရှုံးပွဲ ၂၄ ပွဲအထိ ရှိလာပြီဖြစ်သည်။ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် တိုက်စစ်ကစားသမား ဟာဗက်ဇ်က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သောကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားပြီး ငါးမှတ်အသာ ရမှတ် ၈၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ရမှတ်ပြတ် ဦးဆောင်နိုင်ခဲ့သည်။

**အောင်ဇော်**

# မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ပရိယတ္တိစာမေးပွဲ အဖြေလွှာစစ်ဆေးသည့် သံဃာတော်များနှင့် စာဖြေသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မေ ၁၉**
တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ကျန်းမာရေးစစ်ဆေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက စာစစ်သံဃာတော်များအပါအဝင် သံဃာတော် ၂၈၃ ပါးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၉**
ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ဦးစွာ လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင်အသုံးပြုလျက်ရှိသော လေယာဉ်/ရဟတ်ယာဉ်များအကြောင်းကို တပ်မတော်(လေ)မှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။




ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်သန်းသူ သင်တန်းသားများ မင်္ဂလာဒုံလေတပ်စခန်းသို့ သွားရောက်လေ့လာနေမှုကို တွေ့ရစဉ်။

ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် မင်္ဂလာဒုံမြို့နယ် လေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်လေယာဉ်များ၏ စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လေ့လာရေးခရီးလာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ပြခန်းခန်းမဆောင်၌ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုပစ္စည်းများတွင်ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့်သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့် ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော် ပြသထားသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှုဗီဒီယိုပြကွက်၊ နျူကလီးယားနှင့်ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးရာသီစိုက်ပျိုးသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ကျောက်မဲ မေ ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း တောင်သူများ၏ သီးနှံအလိုက် အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် ရည်ရွယ်၍



၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီ မျိုးသန့်ပွားများထုတ်လုပ်မည့် တောင်သူများနှင့် အကျိုးဆောင်စံပြတောင်သူများအား မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခန်းမ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မိုးရာသီသီးနှံအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တောင်သူများနှင့် အကျိုးဆောင်စံပြတောင်သူ ၃၀ အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လယ်စပါး (DU-12)၊ ယာစပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နေကြာ၊ မြေပဲနှင့် ပိုက်ဆံလျှော်အပါအဝင် သီးနှံမျိုးစေ့ စုစုပေါင်း ၁၃၈ ဧကအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

**ခရိုင်(ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေး

**ကျောက်ဆည် မေ ၁၉**
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ် ဦးစီးမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ် ဆောင်ရွက်ထုတ်ပေးခြင်းများကို ကာယကံရှင်ပြည်သူများ၏ လက်ဝယ်အရောက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UIDကတ် ဆောင်ရွက်ထုတ်ပေးနေမှုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျောက်ဆည်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို One Stop Service ဖြင့်ပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## စဉ့်ကိုင်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

**စဉ့်ကိုင် မေ ၁၉**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်းနှင့် ဒုတိယဦးစီးမှူးတို့က အခွန်ဆိုင်ရာအသိပညာများကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများကဖြေကြားပြီး အခွန်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။



အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ဥပဒေဆိုင်ရာ အစီအမံများ ရှင်းလင်းဆွေးနွေး



**ထားဝယ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဥပဒေဆိုင်ရာ အစီအမံများအပေါ် ရှင်းလင်းဆွေးနွေးခြင်း ကို မေ ၁၂ ရက်က တိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးထိန်လင်းကျော်နှင့် တာဝန်ရှိသူများက ထားဝယ်ခရိုင် ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိမြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးသည်။

ဦးစွာ တိုင်းဒေသကြီးဥပဒေချုပ်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များမှ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်းဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် ဥပဒေရေးရာ အစီအမံများကို ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**နေပြည်တော် မေ ၁၉**

ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရာ နေပြည်တော်တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်၊ လေငန်းရောဂါနှင့် အထွေထွေရောဂါကု သမားတော်များ၊ တိုင်းရင်းဆေး ဆရာ ဆရာမများက ဆေးကုသမှုခံယူသူ ပြည်သူများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ၊ အဆစ်ရောင်၊ လေးဖက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အကြောတက်၊ ကိုက်ခဲ၊ လေးဖြတ်၊ လေငန်းရောဂါ၊ ထုံနာကျင်နာရောဂါများ ကုသပေးခဲ့သည်။

ထို့ပြင် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ အပူဒဏ်ကာကွယ်ရေး နည်းလမ်းများနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

**ထွန်းလင်း(ဇေယျာမြေ)**



# ဓနုဖြူမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်



**ဓနုဖြူ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်းရှိ လယ်မြေများတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်စိုက်ပျိုးပွဲကို ယနေ့နံနက်က ညောင်ချောင်းရွာမကျေးရွာ တောင်သူ ဦးမောင်မောင်ဝင်း၏ လယ်မြေ၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တစ်ကေလျှင် လေးပြည်နှုန်းဖြင့် တောင်သူများသို့ ပေးအပ်ကာ အဆိုပါလယ်မြေငါးကေတွင် စုပေါင်း ကြဲပက်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူးလဆန်း ၆ ရက်)** မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ် ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။



# မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေး

**သရက်ချောင်း မေ ၁၉**

သရက်ချောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ယနေ့နံနက်က မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပွဲ ကျင်းပရာ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာက မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ပေးအပ်ရာ မြို့နယ်အတွင်းရှိ တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



# သနပ်ပင်မြို့နယ်၌ တိုင်းရင်းဆေးဖြင့် နယ်လှည့်ဆေးကုသ

**သနပ်ပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက ကမာဖရုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နယ်လှည့်ဆေးကုသကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ရာ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်ခင်မြင့်က တိုင်းရင်းဆေးအကြောင်းသိကောင်းစရာများကို ဟောပြောခဲ့ပြီး ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ၌ မေ ၁၈ ရက်က မုန်တိုင်းဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်စဉ်။ ကိုကျော်(ချောင်းဆုံ)



ဒိုက်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များက "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့" လက်ကမ်းစာစောင်များကို မေ ၁၈ ရက်က ဒိုက်ဦးမြို့နယ်စည်ပင်သာယာဈေးရှေ့၌ ဖြန့်ဝေစဉ်။

စိုးထက်ကျော်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်



**တွံတေး မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီမှ ကြီးမှူးကျင်းပသော လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲကို ယမန်နေ့က ကလီထော်ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တွံတေးခရိုင် ကလေးအလုပ်သမားပပျောက်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## အိမ်မဲမြို့နယ်၌ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေး



**အိမ်မဲ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးခြင်းကို မေ ၁၂ ရက်ကစတင်၍ ကျေးရွာများကို ထုတ်ချေးပေးခဲ့ပြီး မေ ၁၈ ရက်က ဆက်လက်ထုတ်ချေးလျက်ရှိရာ အိမ်မဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က တောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများက ခလောက်သိုက်ကျေးရွာအုပ်စုနှင့် ကြာတန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၁၅၇ ဦး၏ စိုက်ပျိုးမြေဧက ၉၂၀ အတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၇၆၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်



**စလင်း မေ ၁၉**

စလင်းမြို့နယ်၌ တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းစနစ်များကို တောင်သူတစ်ဦးချင်း လိုက်နာကျင့်သုံးစေရေးတို့ကို ပြောကြားသည်။

ထို့နောက် စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်လင်းက မိုးသီးနှံစိုက်ဧရိယာ ၁၀၅၄၀၆ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မိုးဦးသီးနှံစုံ ၁၆၅၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးရန်ကျန်ရှိနေသေးသည့် ဧရိယာများအတွက် သီးနှံမျိုးစေ့များဖြစ်သည့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ စုစုပေါင်း ၉၄ ကေစာ၊ ချည်မျှင်ရှည်ဝါမျိုးစေ့ ၂၅၁၅ ဒသမ ၅ ကေစာနှင့် စိုက်ပျိုး မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြု သစ်စိမ်းမြေဩဇာပြုလုပ်နိုင်ရေး ပိုက်ဆံလျှော် ၅၅ ကေစာ ထပ်မံဖြန့်ဝေခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မောင်လွင်(စလင်း)**

## မအူပင်မြို့နယ်၌ မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး



**မအူပင် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စု ရဲကင်းစခန်းအပိုင်အတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ထနီးကျေးရွာရှိ ဓမ္မာရုံအတွင်း ကျင်းပသည်။

မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဝင်းဇော်က မှုခင်းကျဆင်းရေးနှင့်သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ယာယီရဲတပ်ဖွဲ့မှူးက ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လူသတ်မှု၊ မုဒိမ်းမှုအကြောင်းအရာများနှင့် ကျခံရသည့် ပြစ်မှု၊ ပြစ်ဒဏ်များအားလည်းကောင်း၊ မြို့မရဲစခန်းမှူးက အွန်လိုင်းငွေကြေး လိမ်လည်မှုကိစ္စရပ်များကို လည်းကောင်း အသိပညာပေး ဟောပြောသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းစရိတ် ထောက်ပံ့ပေးစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော



**ဘီးလင်း မေ ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက (ဘီးလင်း) ပညာ့အားမာန်ခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးက လူသတ်မှု၊ မုဒိမ်းမှုနှင့်ပတ်သတ်၍လည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိက လောင်းကစားမှုပပျောက်ရေးကို လည်းကောင်း၊ ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(ဘီးလင်း)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

**မြို့နယ်(ပြန်/ဆက်)**



သနပ်ပင်မြို့နယ် မြို့မစည်ပင်သာယာဈေးနှင့် အနီးပတ်ဝန်းကျင်၌ ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၁၉ ရက်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ် နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းအပ်နှံရေးအတွက် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

## ရွှေဘိုမြို့၌ ကျေးရွာမြေငှားဂရမ်ထုတ်ပေးနိုင်ရေး စစ်ဆေး

**ရွှေဘို မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ၌ ကျေးရွာမြေငှားဂရမ် ထုတ်ပေးနိုင်ရေးအတွက် ယမန်နေ့က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာမြေငှားဂရမ် ထုတ်ပေးနိုင်ရေးအတွက် မြေငှားဂရမ်ဆောင်ရွက်မည့် မြေနေရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ထွန်းခိုင်(ပြန်/ဆက်)**



## တနင်္သာရီမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်နည်းလမ်းများ သင်တန်းဖွင့်



**တနင်္သာရီ မေ ၁၉**

တနင်္သာရီမြို့နယ်၌ တောင်သူများအတွက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်နည်းလမ်းများ သင်တန်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ဖွင့်လှစ်ရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးဖိလစ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဇော်က မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေး ရှင်းလင်းပို့ချခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



ဝမ်းတွင်းမြို့နယ်၌ ရပ်ကွက်များအတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မေ ၁၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့ (၄)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူး အဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း (ဆောက်လုပ်ရေး) အသုံးစရိတ် မူလခွင့်ပြုရန်ပုံငွေ နှင့် တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တံတားများ တည်ဆောက်/ပြုပြင်ခြင်းလုပ်ငန်း၌ အသုံးပြုရန် လိုအပ်သော ကျပ်သန်း(၂၀၀)အထက် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူ/သယ်ပို့ခြင်း နှင့် စက်/ ယန္တရားများ ငှားရမ်းဆောင်ရွက်ခြင်း၊ အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ပို့/ငှားရမ်းဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| | အိတ်ဖွင့်တင်ဒါအမှတ်စဉ် | - (၃/၂၀၂၆-၂၀၂၇ ) |
| ၁။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူး အဖွဲ့(၄)၊ မန္တလေးမြို့ |
| ၂။ | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - ၁၈-၅-၂၀၂၆ရက် ( ရုံးချိန်အတွင်း ) |
| ၃။ | လျှောက်လွှာပုံစံအရောင်း ပိတ်မည့် ရက်/အချိန် | - ၁-၆-၂၀၂၆ရက်၊ ( ၁၆:၃၀)နာရီ |
| ၄။ | တင်ဒါဖွင့်မည့် ရက်/အချိန် | - ၂-၆-၂၀၂၆ရက်၊ (၉:၃၀)နာရီ |
| ၅။ | တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူး အဖွဲ့(၄)၊ မန္တလေးမြို့ |

တင်ဒါလျှောက်လွှာပုံစံ၊စည်းကမ်းချက်များ နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက [တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ ဖုန်း-၀၉-၅၄၁၅၈၁၄၊ ၀၉-၄၄၈၅၄၈၅၈၅၊ ၀၉-၇၈၇၈၈၁၂၇၁၊ ၀၉-၇၈၁၃၀၀၄၀၉] တို့သို့ မေးမြန်း စုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

မအူပင်မြို့၊ (၅)ရပ်ကွက်၊ ရေလဲလမ်းနှင့် မင်းလမ်းဒေါင့်၊ အမှတ် (၁၃၈)ဟု ခေါ်တွင်သော အကွက်အမှတ် (၆-ဂျေ)၊ ဦးပိုင်အမှတ်(၂၅ - ခ)၊ မြေကွက်အမှတ် (၆၉-၇၀)၊ မြေဧရိယာ(၀. ၀၃၅)ဧကရှိ ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိတိုက်အိမ် အဆောက်အဦးများနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်အိမမ သက်(ဘ) ဦးခင်မောင်သန်း(၁၄/မအပ(နိုင်)၁၄၄၆၂၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် နှစ်ဖက်သဘောတူပြီးဖြစ်၍ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၂၀)**
**အမှတ် (၂၅/A)၊ နဝရတ်သိင်္ဂီလမ်း၊ (၁၁)ရပ်ကွက်၊ မအူပင်မြို့**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/9876၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## မော်တော်ယာဉ်မှတ်ပုံတင် (ကမ-၃) စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/33693 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူသန့် ၇/တငန(နိုင်)၁၆၂၃၈၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင် (ကမ-၃) စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/75625 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာ ၇/တငန(နိုင်)၁၃၃၉၄၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင် (ကမ-၃) စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/35004 ယာဉ်လက်ဝယ်ရှိသူ ဦးလှမိုးလှိုင် ၇/ဖမန(နိုင်)၀၀၃၃၀၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင် (ကမ-၃) စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/98952 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးနိုင် ၇/တငန(နိုင်)၁၂၇၅၇၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | လေအေးပေးစက်များအတွက် အရန်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း | (Lot-1) |
| (ခ) | Audio System(1)Set လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း | (Lot-2) |
| (ဂ) | ရုံးတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်း (50'x30') | (Lot-3) |
| (ဃ) | 40'x60' ဂိုဒေါင်တစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်း (Ceiling Height 12'x6') | (Lot-4) |

၂။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၁၉-၅-၂၀၂၆ ရက်၊ (အင်္ဂါနေ့)မှ ၁-၆-၂၀၂၆ ရက် (တနင်္လာနေ့) (၉:၃၀) နာရီမှ (၁၆:၀၀) နာရီအထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးရက် | - ၂-၆-၂၀၂၆ ရက်၊ (အင်္ဂါနေ့) (၁၆:၀၀) နာရီအထိ |
| (ဂ) | တင်ဒါဖွင့်ဖောက်ကြေညာ မည့်ရက်/နေရာ | - ပြန်လည်အကြောင်းကြားပါမည်။ |

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၅၉၀၁၇၀/ ၀၆၇-၄၅၉၀၁၅၀ / ၀၆၇-၄၅၉၀၂၀၄ (Lot-1/ Lot-2)**
**ဖုန်း- ၀၆၇-၄၅၉၀၂၀၂ / ၀၆၇-၄၅၉၀၁၆၈ (Lot-3/ Lot-4)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်လေးပင်မြို့နယ်၊ အထက-ပိန်းဇလုပ်ကျောင်းမှ ဒေါ်ရင်ရင်ထွေး(အထက်တန်းပြ) နှင့် ဒေါ်ယဉ်ယဉ်ထွေး ၇/ညလပ(နိုင်)၀၁၃၈၉၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ရင်ရင်ထွေး(ခ)**
**ဒေါ်ယဉ်ယဉ်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဟင်းခွက်အိုင်ကျေးရွာနေ မောင်ငြိမ်းချမ်း၏ ဖခင် ဦးစန်းမောင်(ခ)ဦးဆန်းမောင် ၉/သစန(နိုင်)၁၂၆၀၀၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစန်းမောင်(ခ)ဦးဆန်းမောင်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ နံ့သာနီလမ်းနှင့် ပေါင်းလောင်း (၄)လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်( ၉/ပုဗ္ဗသီရိအနောက်ရပ် )၊ မြေကွက်အမှတ် ( ၂၂၃၆၆ )၊ အကျယ်အဝန်းပေ( ၈၀x၆၀)၊ ဧရိယာ( ၀.၁၁၀ )ဧကရှိ အိမ်ဝိုင်းခြံမြေ ကွက်နှင့် ယင်းမြေပေါ်ရှိ သီးပင်စားပင်အပါအဝင် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်း ကတိပြုခံဝန် ပြောဆိုသူ ဦးသိန်းရွှေ ၁၁/မဥန(နိုင်)၀၆၉၇၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းသီင်္ဂီဇင် ၅/မရန(နိုင်)၁၉၁၄၇၄ မှ အထက်ပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေ အချို့အား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များနှင့်တကွ ဤသတင်းစာ ကြေညာ ပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းသီင်္ဂီဇင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်နှင်းသီင်္ဂီဇင် | ဦးကျော်ဇေယျ (LL.B) |
| ၅/မရန(နိုင်)၁၉၁၄၇၄ | အထက်တန်းရှေ့နေ(စဉ်-၅၄၁၉၀/၂၁) |
| ဖုန်း-၀၉-၇၉၇၁၇၆၄၆၂ | အခန်း(၃၅)၊ ရွာတော်မင်္ဂလာဈေး၊ |
| | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| | ဖုန်း-၀၉-၇၇၈၄၄၇၇၅၄ |

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ စောအယ်ဆဲထီ (၇/ကတခ(နိုင်)၁၄၈၅၉၂) နှင့် ကျွန်ုပ်မိတ်ဆွေဖြစ်ဆွေ ဒေါ် ခိုင်မာလာနှင်းဆီ (၁၂/ ရပသ (နိုင်) ၀၈၄၁၄၉ ) တို့ သည် လွန်ခဲ့သော (၂၀၂၂) ခုနှစ်က အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ယခုအခါ ၎င်းတို့ နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ဆွေမျိုးမိဘများ၊ ရပ်မိရပ်ဖရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ် ခိုင်မာလာနှင်းဆီနှင့် စောအယ်ဆဲထီတို့သည် တရားဝင်ကွာရှင်းပြီးသည့်အချိန်မှစ၍ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝကို တစ်ဦးနှင့်တစ်ဦး ပတ်သက်စပ်ဆိုင်ခြင်း အလျှင်း လုံးဝ(လုံးဝ)မရှိ တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မာလာနှင်းဆီ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်ချမ်းမြေ့လှိုင် ( LL.B) | ဒေါ်စုစုသက်ဝေ ( LL. B ) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၉၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၉၃) |

**အမှတ်- ( ၄၀၊ ၄၁ ဘီ)၊ ဘုရင့်နောင်လမ်းနှင့် အောင်သပြေလမ်းထောင့် ၊ ပေါက်တောရပ်ကွက် ၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၄၄၉၁၈၁၄၊ ၀၉-၇၈၄၃၀၁၄၁၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကလောမြို့နယ်၊ မြင်းမထိကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၄)၊ ဦးပိုင်အမှတ် (၄၁/၁)၊ ဧရိယာ (၁ဒသမ၇၅)ဧကရှိယာမြေအား ဦးတင်ညွန့် (ဘ) ဦးထွန်းမောင် (၁၃/ပတယ(နိုင်)၀၂၀၆၈၈) အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ (၇)ရရှိထားရာ အဆိုပါပုံစံ (၇)မူရင်းမှာ သိမ်းဆည်းလွန်၍ ပျောက် ဆုံးသွား ပါသဖြင့် ဒုတိယမူရင်းမိတ္တူမှန်အသစ်ကို ပြန်လည်ထုတ်ယူခွင့် လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် ရက်မှ စ၍ ရက်ပေါင်း(၃၀) ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်း များဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၇၂)**
**ဖုန်း- ၀၉-၂၅၉၆၄၇၀၇၈**

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီး ဌာနအောက်ရှိ ခုတင် ၁၅၀၊ ခုတင် ၁၀၀၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ (Lab Reagent) များပါဝင်သော ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန် ဖလင်များပါဝင်သော ဓာတ်မှန်ဌာနသုံး ပစ္စည်းများနှင့် ဆေးရုံသုံး Basic Consumable များ ဝယ်ယူရန်အတွက် အိတ်ဖွင့် တင်ဒါအမှတ် cutd.1.dms-mdy(2026-2027) ကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ် ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုပါက တင်ဒါလက်ခံရေးနှင့်စိစစ် ရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - ၁၉-၅-၂၀၂၆ရက်၊ (အင်္ဂါနေ့) |
| **စျေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်နေရာ** | - မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ လမ်း ၇၀၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁-၆-၂၀၂၆ရက်၊ (တနင်္လာနေ့)၊ ညနေ (၄:၃၀) နာရီ |
| **ဆက်သွယ်ရန်ဖုန်း** | - ၀၉-၆၆၀၁၆၀၃၆၈ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## “ကန့်ကွက်နိုင်ပါကြောင်း”

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၈)၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ်(၁၂၂-ခ)၊ ဧရိယာ(၀.၀၃၀)ဧက၊ ဦးပိုင်အမှတ်(၁၂၂-ဆ)၊ ဧရိယာ (၀.၀၄၅)ဧကရှိ နော်ဖွီးဖောအမည်ဖြင့် မှတ်သားထားရှိသော မြို့ မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ တဂေါင်းဘုရားလမ်းနေ ဒေါ်မီမီအောင်မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထား ခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာ သည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နန်းသီတာလမ်း၊ အမှတ်(၄၁/၃)၊ ဂရန်အမှတ်(၉၈/၂၀၀၀-၂၀၀၁)၊ အကွက်အမည်- ရေအေးကွင်း၊ အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၁၉-ဈ)၊ မြေကွက်အမှတ်(၃၇/၄၉)၊ ဧရိယာ (၀ဒသမ၀၆၈)ဧကရှိ မြေနှင့်အဆောက်အအုံ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ရှင်ဖြစ်သော ဒေါ်ခင်အေး ၁၃/တကန(နိုင်) ၀၀၆၄၃၃ နှင့် ကျွန်ုပ်၏မိတ်ဆွေက (၁၅-၅-၂၀၂၆)ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေဖြင့် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေနှင့်အဆောက်အအုံတွင် အရောင်းအဝယ်ပြုလုပ်ခြင်း နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက် အရောင်းအဝယ် ပြုလုပ်ခြင်းအား တည်ဆဲဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေယုသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၁၃-၂၀၁၃)**
**၁၉၀၊ ဇောတိကလမ်း၊ မင်္ဂလာဦးရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၂၅၀၇၈၇၀၅၄**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 6W/91503, Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြ ၁၄/ကကထ(နိုင်)၁၄၅၉၆၈က ဖောင်းကြွနံပါတ်ပြား လာရောက်လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၃၄၇၀၆ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇာနီလင်း ၇/မလန(နိုင်) ၁၀၅၀၅၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၄၄၃၄ TVS APACHE RTR 200 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းခန့်ဝင်း ၁၂/တကန(နိုင်)၂၇၆၁၆၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဆည်ကြီးအုပ်စု၊ မြောက်ညောင်အိုင်ကျေးရွာနေ မအိဖြူစိုး ၉/ရမသ(နိုင်)၂၂၄၃၆၈ ၏ ဖခင် ဦးမောင်လှိုင်နှင့် ဦးလှိုင်သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်လှိုင်(ခ) ဦးလှိုင်**

## အမည်ပြောင်း

တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်အုပ်စု၊ ကသာကျေးရွာ နေ အဘ ဦးတင်ငွေ၏ သမီး မကြူကြူအေး အား မခြူးခြူးဝင်း ၈/တတက(နိုင်) ၂၄၀၀၁၈ ဟု အမည်ပြောင်းလဲ ခေါ်ဆိုပေးပါရန်။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/1485 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/20926 Kamax 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၉/တတဥ(နိုင်)၁၀၈၀၀၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/31957 Honda Click ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဆန်းကိုကို ၉/ပဥလ(နိုင်)၀၀၉၇၆၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/60199, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးထွန်း ၁၄/ဟသတ(နိုင်)၃၃၇၅၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၅-၂၀၂၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇) ကညန၊ ခရိုင်ရုံး (ပြည်) ပြည်မြို့၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 56W/ 58451 အစား 56W/38451 ဟု ပြင်ဆင်ဖတ်ရှုပါရန်။




## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာနယ်မြေ(၁၃)ရပ်ကွက်နေ မရွှေရည်ဖူး ၏ ဖခင်မှာ ဦးကျော်သူရအောင် (ခ) ဦးကျော်သူရ ၉/မထလ(နိုင်)၂၃၄၇၁၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့နယ်၊ သာစည်ကျေးရွာနေ မဇင်မေသူ ၏ ဖခင်မှာ ဦးစိန်ဝင်း (ခ) ဦးဇော်ကြီး ၉/ပဘန(နိုင်)၁၅၀၈၂၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းကျေးရွာနေ မသဲဆုမွန် ၏ ဖခင်မှာ ဦးမြတ်မင်း(ခ)ဦးမြမင်း ၉/ဝတန(နိုင်)၀၇၅၇၅၅ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမြဝင်း၏သား ကျွန်တော် စိုင်းကျော်ခင်လတ် ၁၃/ကမန(နိုင်)၁၈၁၂၅၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၃၃၈၉၇၇၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၀၃၈)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ချောင်လင်စင်း (ဘ) ဦးချောင်ယုန်ချန်း ၁၃/ကခန(နိုင်)၁၁၀၁၇၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ချောင်လင်စင်းမှ ဒေါ်အေးအေးမော်(ဘ)ဦးကျော်ရှိန် ၁၀/မလမ(နိုင်)၀၁၇၆၈၅နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၄-၂၀၂၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) ကညန၊ ခရိုင်ရုံး (နေပြည်တော်)၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် ၇၃ယ/၅၁၁၁၇ အစား ၇၃ယ/၅၀၁၁၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ Flying Colours Private School, Grade-3 တွင် ဖြေဆိုအောင်မြင်ခဲ့သော (ဘ)ဦးမျိုးမင်းအောင် (၇/ဒဥန(နိုင်)၁၂၃၃၂၂) ၏ သမီးဖြစ်သူ မရှင်းမြတ်မင်းမေ အား ယနေ့မှစ၍ မရွှေဝန်းရံမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေဝန်းရံမင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၊ ဇမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်-၆၉၊ ဦးအေးနွယ်+ဦးသိုက်ထွန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အကျယ်(၂၅ပေxပေ၅၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေရှင်ရရှိသည့် (ခေါင်းရင်းခြမ်း) ပထမထပ်တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား "မိသားစုစီမံမှုဖြင့် အမွေခွဲဝေတိုက်ခန်းအပိုင်ပေးခြင်း ကတိစာချုပ်"အရ လက်ရှိထား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ဝေဝေခိုင်(၁၂/ဒဂဆ(နိုင်)၀၃၃၄၈၆)နှင့် ဦးထက်ဦးလှိုင် (၁၂/ဒဂဆ(နိုင်)၀၅၅၄၆၇)တို့က ၄င်းတို့သာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်စကား ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းမြင့် (၁၂/သကတ(နိုင်)၀၄၈၇၂၂)မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တရားဝင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းနိုင် (B.Sc)(P.G.D.L)** | **ဒေါ်တင်တင်ဦး (LL.B)** |
| **စဉ်-၁၆၆၅၉/၂၀၂၀** | **စဉ်-၅၅၉၈၆/၂၀၂၃** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၈၉၉)၊မြင်တော်သာလမ်းနှင့်မြို့မ(၁၅)လမ်းထောင့်၊၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀ ၈၀ ၅၁၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

